mgyoe.com
SAMPLE BOOK

# မနက်ဖြန်မှ ပြုံးတော့မယ်

## သော်တာအေးလဲ့



mgyoe.com

mgyoe.com SAMPLE BOOK



K0332

mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - ဩဂုတ်လ၊ ၂၀၁၈ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံး နှင့် - စွယ်တော်ပုံနှိပ်တိုက် (၀၀၄၁၁)
အတွင်းပုံနှိပ် အမှတ် (၁၄၇)၊ (၅၁) လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ - ငုအိမ်ထက်မြက် (Erasing Klimt)
တန်ဖိုး - ၄၀၀၀ ကျပ်


mgyoe.com

mgyoe.com


SAMPLE BOOK

# မနက်ဖြန်မှ ပြုံးတော့မယ်

သော်တာအေးလဲ့



mgyoe.com


mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## မနက်ဖြန်မှ ပြုံးတော့မယ်

(၁)

နေရောင်ခြည်သည် တံခါးမကြီးမှတစ်ဆင့် အိမ်အတွင်းပိုင်းသို့ လျှော့တိလျှော့ရဲ ဖြာကျနေသည်။ ခပ်ကျဲကျဲ အလင်းပြောက်များအောက်တွင် အဝါရောင် စကြာလေးများသည် ငွားစွင့်သော နေကြာပန်းများ သဖွယ် တည်တည်ငြိမ်ငြိမ် မတ်မတ်ရပ်နေလေသည်။ မိုးသားထု အိပ်ပဲ့ညွတ်ကျလာပြီး တစ်ခဏလေး လေမှုန်ကျသွားသည့်အခိုက်တွင် ပြတင်းတံခါးဘောင်ပေါ်က ထိုစကြာလေးများသည် လေနှင့်အတူ လှည့်ပတ်ပြေးလွှားခဲ့ကြသည်။ အဝေးကို လိမ့်လည်ပြေးထွက်ခြင်း မဟုတ်ဘဲ တစ်နေရာတည်းမှာသာ လှည့်လည်နေရခြင်း ဖြစ်သည်။ တွန်းကန်ရုန်းကြွ လှုပ်ရှားသော အဆိုပါလေထု ငြိမ်သက်သွားသော အခါ စကြာလေးလည်း တစ်ဖန် ရပ်တန့်သွားပြန်သည်။

စိမ့်သည် စကြာလေးများ လည်နေစဉ်ကလည်း မမှိတ်မသုန် ငေးကြည့်နေခဲ့သည်။ ဟော… စကြာလေးများ ရပ်သွားသည့်အချိန်မှာလည်း လွင့်ကျဲနေသော စိတ်အလျဉ်သည် သည်စကြာလေးများဆီသို့ တစ်ဖန် ပြန်ရောက်လာချေပြန်သည်။

သို့ဆိုလျှင် စကြာလေးတွေကိုမှ မကြည့်လျှင် သူ ဘာကို ကြည့်ရမည်နည်း။

mgyoe.com

mgyoe.com SAMPLE BOOK


ဘွဲ့ဝတ်စုံနှင့် ကျက်သရေရှိစွာ ကြော့ရှင်းတင့်ရွန်းနေသော ဒေါက်တာယမုန့်တို့ ညီအစ်မတစ်တွေ၏ နံရံပေါ်က ဓာတ်ပုံကိုလား၊ ဒါမှမဟုတ် အစိမ်းနုရောင် သစ်ရွက် အနွယ်အခက်တွေနှင့် ပြတင်းတံခါး ခန်းဆီးစကိုလား၊ ဒါမှမဟုတ် အခန်းထဲမှာ ရှိသည့် ကြိမ်ကုလားထိုင်များကို ရေတွက်ရင်းလား၊ ဒါမှမဟုတ် အနားက စားပွဲပေါ်မှာ တင်ထားသည့် မဂ္ဂဇင်းနှင့် ဂျာနယ်များကို လှန်လှောရင်းလား။

ဂျာနယ်များတဲ့။

စားပွဲပေါ်တွင်ရှိသော စာစောင်များထဲက အပေါ်ဆုံးက ဂျာနယ်ကို မသိမသာ စွေကြည့်လိုက်သည်။ အစောက စိမ့် လှန်ထားခဲ့သည့် စာမျက်နှာကို အတိုင်းသား ပြန်တွေ့ရသည်။ တွေ့လျှင်တွေ့ချင်း အကြည့်ကို တစ်ဖက်သို့ လွှဲလိုက်သော်လည်း ကပ်ငြိခိုတွဲပါလာသော အာရုံကို ချက်ချင်း မဖြတ်တောက်နိုင်ခဲ့ပေ။ ရင်ခုန်သံတို့ ကဆုန်ပေါက်ကုန်၏။ စည်းချက်လွဲကုန်သော အသက်ရှူသံကို တစ်၊ နှစ်၊ သုံး၊ လေး စိတ်မှတ်နှင့် ရေတွက်ရင်း အရှိန်လျှော့ချရန် တတ်အားသမျှ ကြိုးပမ်းရပြန်သည်။

နေ့လယ်စာစားပြီးနောက် ယမုန့်အိမ်သို့ ကူးလာစဉ်က စိမ့်၏ စိတ်နှင့် ခန္ဓာမှာ ပုံမှန် အနေအထား ရှိသေးသည်၊ ထူးထူးပပ ဝေဒနာ မပြသေး။ ပုံမှန်ဟု ဆိုရခြင်းမှာ အခုလို အသက်ရှူမြန်ခြင်းမျိုး၊ ချက်အောက်နားဆီက တစ်ချက် တစ်ချက် နာကျင်ရတာမျိုး မဖြစ်သေးဟု ဆိုလိုခြင်း ဖြစ်သည်။

ဆရာဝန်ဆီကို လာပြရမှတော့ သည်လူဟာ လူနာဆိုတာ အထူးဓာချဲ့ပြစရာ မလို။ သို့ပေမဲ့ ယခုထက်ထိ ယမုန်သည် သမုဒ္ဒရာရေပြင်အပေါ်သို့ ထိုးထွက်နေသော ရေခဲတောင်၏ ထိပ်ဖျားကိုသာ မြင်နိုင်စွမ်း ရှိသေးသည်။ ရေပြင်အောက်က ရေခဲထုနှင့် တူညီသော အေးကျဉ်မာခဲနေသည့် စိမ့်၏ ဝေဒနာကို မမြင်နိုင်သေးပေ။

စိမ့်ကရော သူ့ဝေဒနာအကြောင်း ဘယ်လိုများ စကားစရမည်နည်း။

ယမုန့် အနားသို့ ရောက်လျှင်၊ ယမုန်က သူ့ကို စမ်းသပ်လိုက်လျှင်၊ အပြုံးချိုချိုနှင့် 'နေသာရဲ့လား စိမ့်'ဟု မေးလိုက်လျှင်၊ စိမ့်က ယမုန့်လက်ကို ဆွဲကိုင်ပြီး 'စိမ့်လေ…'ဟု အစချီကာ တစ်စုံတစ်ခုကို ပြောဖို့ ကြိုးစားလိုက်လျှင် ယမုန်သည် စိမ့် မြင်ကွင်းကနေ ပျောက်သွားတတ်သည်။

ယမုန့်မျက်နှာသည် ဘွားဘွား ဖြစ်သွားသည်။ ယမုန်သည် အမေ့

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်သွားသည်။ ယမုန့်ဘေးမှာ လင်းသာ ရပ်နေသည်။ ပြီးတော့ ဘဘကြီးနှင့် အန်တီသီသီတို့ သားအမိတစ်တွေ။

အိပ်နေရင်း စကားပြောရန် ကြိုးစားနေရသလိုမျိုး စိမ့် အသံတို့သည် ပီပီသသ ထွက်ခွင့် မရ။ အသံထွက်လိုက်မိသည်နှင့် အိပ်ပျော်နေသော ပုံရိပ်တို့ ရှန်းကြွလာသည်။ စိမ့် လန့်နိုးရသည်။ ပြီးမှ ယမုန့်ရှေ့ကို ရောက်နေမှန်း သတိရသည်။

သို့နှင့် 'စိမ့်လေ သိပ်နေမကောင်းပေမဲ့ သက်သာအောင် နေပါတယ်' ဟုသာ စကားကို လျှောချရသည်။

အခုလည်း ရှေ့နှစ်ပတ်လောက်နေလျှင် ရက်ရှည်ခရီးဝေးတစ်ခု သွားရမည်မို့ မသွားခင်လေး ယမုန့်ဆီ ရောက်ရပြန်သည်။ ယမုန်သည် သူ့ထံကို ရောက်လာသည့် စိမ့်လှယဉ် ဆိုသော အမျိုးသမီး ဝေဒနာရှင် တစ်ဦးကို သန္ဓေသား ပျက်ကျထားသည့်အတွက် စိတ်ထိခိုက်နေသော သာမန် ဝေဒနာသည်ဟုသာ မြင်ပါလိမ့်မည်။

'သိပ်မတွေးပါနဲ့ စိမ့်ရယ်၊ အရမ်း စိတ်လှုပ်ရှားနေရင် ပုံဆွဲလေ၊ ပန်းချီဆွဲတာဟာ စိတ်ရဲ့ ထွက်ပေါက်ပဲ မဟုတ်လား' ဟု ရံဖန်ရံခါ နှစ်သိမ့် တတ်သည်။

စိမ့်က မတုန်မလှုပ် ခပ်မဆိတ် နေလျှင်တော့ 'စိမ့်က သိပ်ငြိမ် လွန်းတာပဲကွယ်' ဟုသာ မယုတ်မလွန်ဆိုပြီး မသိမသာ အကဲခတ်နေတတ် သည်။

'မမယမုန်ကို ယုံတယ် မဟုတ်လား၊ စိမ့် ဘာတွေ ခံစားနေရသလဲ၊ သွန်ချလိုက်စမ်း' ဆိုသလိုမျိုးတော့ မည်သည့်အခါတုန်းကမျှ တည့်တည့်ကြီး မဆိုတတ်။

'စိမ့်ရေ၊ ဒီနေ့ ဘာစားခဲ့လဲ'၊ 'ဩော်...စိမ့်က ခံသီးထောင်းကို ကြိုက်တယ်လား၊ ရွာမှာတုန်းက စားခဲ့ဖူးတာလား၊ မမယမုန် တစ်ခါမှ မစားဖူးဘူး၊ ဘယ်လို လုပ်ရလဲ ပြောပြပါဦး'

'ဒါဖြင့် စိမ့် ငယ်ငယ်က နေခဲ့တဲ့ ရွာက သိပ်သာယာတာပဲနော်၊ တောတောင်က စိတ်ကြည်လင်စေတယ်ဆိုတာ အမှန်ပဲနေမှာ၊ `စိမ့်ရော ငယ်ငယ်က တောထဲမှာ မဆော့ဘူးလား၊ မပျော်ဘူးလား''

mgyoe.com

mgyoe.com SAMPLE BOOK

သည်လိုမေးခွန်းများဖြင့်သာ ယမုန်က ဟိုအကြောင်း သည်အကြောင်း ပြောရင်းဆိုရင်း စိမ့်၏ နက်ရှိုင်းသော စိတ်သန္တာန်ကို ပုံဖော်ရန် ကြိုးစားသည်။

စိမ့်ကတော့ ငယ်ဘဝအကြောင်း စကားစပ်မိရင်း ပြောပြဖြစ်လျှင်တောင် လင်းသာနှင့် ပတ်သက်သည့်အပိုင်း၊ ကျော်ကျော့်အကြောင်းနှင့် ထူးထူးအကြောင်းကို ချန်ထားတတ်မြဲ။ သည်လိုနှင့် ဒဏ်ရာသည် မြုံလျက်သာ သိပ်သိပ်သည်းသည်း ခဲကျစ်နေခဲ့သည်။

ဝေဒနာရေသောက်မြစ် ပြန့်ကားတိုးဝင်လေလေ စိတ်အား၊ လူအား ချည့်နဲ့လေလေ ဖြစ်သည်။ စိမ့်၏ ခန္ဓာကိုယ်လည်း လုံးပါး ပါးခဲ့ချေပြီ။ အသားအရေမွဲခြောက်ခြောက်၊ ဆံပင်ပါးပါး၊ တင်ပြားပြား၊ လူပိန်ပိန်၊ မျက်တွင်းဟောက်ပက်နှင့် စိမ့်သည် ဘယ်တုန်းကမှ မိန်းမချောတစ်ဦး မဟုတ်ခဲ့၊ ဖြစ်လည်း ဖြစ်မလာခဲ့။ အကျည်းတန်ပြီး လူရာမဝင်သူသာ။

လောကကို ရင်ဆိုင်ရန် ခွန်အား ဆိုသည်မှာ စိမ့်နှင့် အလွန်စိမ်းသော ဝေါဟာရ ဖြစ်သည်။

ယမုန့်ဆီသို့ ရောက်သည့် အခိုက်မှာသာ စိတ်သက်သာရာရပါ၏။ အနည်းဆုံးတော့ စိမ့်အတွက် စကားပြောဖော်ရသည်လေ။ ဒါကြောင့်ပဲ သည်နေ့ ယမုန်နှင့် ချိန်းဆိုထားသည့် အချိန်မတိုင်မီကတည်းက ယမုန့် အိမ်ကို စိမ့် ရောက်နေခဲ့သည်။

✦ ✦ ✦

ယမုန့်ဆီကို မလာခင်က နေရောင် မပွင့်တပွင့်ကိုသာ မြင်ခဲ့ရသည်။ ကောင်းကင်ထက်တွင် တိမ်တောင်ညိုတို့ ဟိုဟိုသည်သည် ပြေးလွှားနေသည်ကို မြင်ရသော်လည်း မိုးရွာလိမ့်မည်ဟု အပ်ကျမပ်ကျ မပြောနိုင်ပေ။ လူကိုသာမက စိတ်ကိုပါ စွတ်စိုထိုင်းမှိုင်းစေသော မိုးရာသီကို စိမ့် မုန်းလှ၏၊ သည်ရာသီ မြန်မြန်ကုန်ဖို့ရာကိုသာ ဆုတောင်းမိသည်။ ရက်အနည်းငယ်သာ ကျန်ရှိတော့သော မိုးနှောင်းရက်စွဲများကိုပင် တဖျပ်ဖျပ် ကျော်လွှားလိုက်ချင်သည်။

နေ့စဉ် ရက်ဆက် မရပ်မနား မိုးရွာခြင်းမျိုးကို ငြီးငွေ့လှသည်လေ။ ပြီးတော့ မိုးများသည့် ရန်ကုန်တွင် တစ်ချိန်လုံး အိမ်တံခါးများ ပိတ်လှောင်ထားရ၍ စိုထိုင်းထိုင်းအနံ့ကို မိုးတွင်းတစ်တွင်းလုံး မလိုချင်ပါဘဲ ရင်းနှီးရသည်။ ဖားဥစွဲသော အင်္ကျီတချို့နှင့်၊ မှိုတက်နေသော ကြမ်းပြင်နှင့် စာအုပ်စင်ကို

mgyoe.com

mgyoe.com SAMPLE BOOK

တွေ့ရလျှင် တစ်ကိုယ်လုံး ကြက်သီးထပြီး ခန္ဓာကိုယ်အနံ့ ယားယံတော့သည်။ ခန္ဓာကိုယ်တွင် မဟုတ်လျှင်တောင် လူ့သဘာဝအရ မလိုချင်သည်များ၊ မနှစ်သက်သည်များကို မလွှဲသာ၍ လက်ခံရလျှင် စိတ်နှလုံးတွင်တော့ အနည်းဆုံး ယားကျိကျိ ဖြစ်ရသေးသည် မဟုတ်လား။

မိုးက ယမုန့်အိမ်ကို ရောက်ပြီး တစ်အောင့်ကြာမှ မှုန်ရီဆိုင်းညို့လာခြင်း ဖြစ်သည်။ ရွာတော့လည်း ခဏတစ်ဖြုတ်သာ။ ထို့နောက် မိုးသားတို့ လေနှင့်အတူ ကသောကမျော ရွေ့ပါသွားကြသည်။ ခက်တာက မိုးသားကင်း၍ ရုတ်ခြည်းလင်းလာသော နေရောင်။ တကယ်ပင် ကြောင်စီစီနိုင်သော အလင်းရောင် ဖြစ်သည်။ တဖြည်းဖြည်း နေအရှိန်ဟပ်လာတော့ ချွေးကလေးပင် စို့လာသည်။ မျက်စိများလည်း ကျိန်းစပ်လာသလိုလို ထင်မိသည်။

စိမ့်၏ ရှေ့တွင် အခြားသော အမျိုးသမီးလူနာတစ်ဦး ရှိသည်။ စိမ့် ရောက်တော့ "မမယမုန် ထမင်းစားနေတုန်းမို့ ခဏစောင့်ပေးပါ" ဟု အိမ်အကူ မိန်းကလေးတစ်ယောက်က လာပြောသည်။ ယမုန်ထွက်လာတော့ "စိမ့်ရေ၊ အချိန်ရတယ်ဟုတ်လား၊ ခဏနော်" ဟု ပြုံးပြုံးဆိုကာ ရှေ့ကလူနာကို အခန်းအတွင်းသို့ အရင်ဝင်စေသည်။ အခုဆိုရင် သူတို့ ဝင်သွားသည်မှာ ကြာလှပါပကော။ အလွန်ဆုံး တစ်နာရီခွဲလောက်တော့ ရှိပြီ။

တကယ်တော့ သူတို့က နှစ်ဦး။ အသားခပ်လတ်လတ် မိန်းကလေးက လူငယ်ဆန်ဆန် ဂျင်းဘောင်းဘီ ဝတ်ထားသည်။ သူနှင့် အသက်သိပ်မကွာလှသော (သူ့အစ်မဟု ထင်ရသူ) ရုပ်ချင်းဆင်သည့် မိန်းကလေးက အနက်အောက်ခံမှာ ပိတောက်ခြောက်ရောင် ရခိုင်ချိတ်လုံချည်နှင့် ဖြစ်သည်။ အတွေးကိုယ်စီနှင့်မို့ တစ်ဦးနှင့် တစ်ဦး မိတ်မဆက်မိကြ။ သူတို့ကလည်း နှုတ်ဆိတ်ကြသည်။ အမြင်အားဖြင့် ပူပန်ရှုပ်ထွေးမှု သူတို့မျက်နှာတွင် မပေါ်သမို့ မည်သူက ဝေဒနာခံစားနေရသူမှန်း ရုတ်တရက် မဝေခွဲနိုင်။ ဆရာဝန်ဆီလာကြသည်က လည်း အများအားဖြင့် လူနာအဖော် ပါတတ်မြဲပင်။ စိမ့်သာလျှင် တစ်ကိုယ်တည်း။

ပြီးခဲ့တဲ့လက စပြီး စိမ့် အိပ်မပျော်လှသဖြင့် ယမုန့်ဆီသို့ လာပြလျှင် လင်းသာ လိုက်ပို့ပါသေးသည်။ လိုက်ပို့သည်ဆိုတာကလည်း စိမ့်ကို ယမုန့်ဆီမှာ ထားခဲ့ကာ ကိစ္စပြီးလောက်ချိန်ကျမှ ပြန်လာခေါ်ခြင်းမျိုး ဖြစ်သည်။ ယမုန့်အိမ်မို့ စိတ်ချလက်ချရှိပုံရသည်။ ယမုန့်ဆီမှာ စိမ့်ကို အပ်ခဲ့နိုင်၍ သူလည်း သူ့ အပေါင်းအသင်းတွေဆီ လွတ်လွတ်ကျွတ်ကျွတ် သွားနိုင်သည့်မဲ့။

mgyoe.com

သည့်နောက် သူကလည်း မအားတော့သလို သူ ပါလာလျှင် လည်း စိမ့်အဖို့ မွန်းကျပ်မှု တိုးသည်မှအပ မည်သို့မျှ ထူးခြားသော သက်ရောက်မှု မရှိသဖြင့် သူ လိုက်မပို့ခြင်းကိုပင် အပြစ်ဟု မမြင်တော့ပေ။ ကျေးဇူးပင်တင်မိသေးသည်။ စိမ့်၏ မြင်ကွင်းတွင် သူ ရှိမနေခြင်းကိုက ခပ်ကောင်းကောင်း။

ခဏကြာတော့ လေဟပ်သဖြင့် မှန်တံခါးကို ကာထားသည့် ခန်းဆီးသည် တစ်ခဏ လှစ်ဟသွားသည်။ ထိုမှတစ်ဆင့် စားပွဲပေါ်သို့ မျက်နှာအပ်၍ မှောက်နေသော ဂျင်းဘောင်းဘီနှင့် ကလေးမကို လှမ်းမြင်လိုက်ရသည်။ ဘေးနားက အစ်မဖြစ်သူဟု ယူဆရသူက ကျောသပ်၍ နှစ်သိမ့်ပေးနေဟန်တူသည်။ သူတို့ရှေ့တွင် ယမုန် ထိုင်နေသည်။

ယမုန်သည် ပုံမှန်အားဖြင့် လူနာကို အိမ်သို့ ခေါ်တွေ့တာ ရှားသည်။ သူ၏ ဆေးခန်းတွင်သာ လက်ခံတွေ့ဆုံလေ့ ရှိသည်။ ဆေးခန်းကသည့်ထက်ပို၍ လုံခြုံသည်။ အသံရော၊ မြင်ကွင်းရော၊ ပြီးတော့ လူနာအဖော်ကို မလိုအပ်ပါဘဲ လူနာနှင့်အတူ ဆရာဝန်ကို သီးသန့်တွေ့ဆုံရာ၌ အခန်းအတွင်းသို့ လိုက်ပါဝင်ခွင့်မပြုပေ။ ယမုန်သည် လူနာများနှင့် ပတ်သက်လျှင် စည်းကမ်းထားသလို အင်မတန်နူတ်လုံသည်။ ထို့ပြင် ကောင်းစွာ အချိန်ယူဆွေးနွေးသည်။ သို့တစေ အစောက ဆိုခဲ့သလို အလွန်အမင်း မလိုအပ်လှဘဲ အိမ်သို့ မခေါ်တတ်။ စိမ့်ကတော့ ခြွင်းချက် ဖြစ်ပါလိမ့်မည်။

စိမ့်က ယမုန့်ဆေးခန်းထက် ယမုန့်အိမ်ကို အရင် ဝင်ထွက်သွားလာခဲ့သူ ဖြစ်သည်။ ဒါကလည်း မိတ်ဆွေအဖြစ် ခင်မင်ရင်းနှီးမှုကို စတင်ခဲ့သောကြောင့်ပင်။ စိမ့်၏ ခင်ပွန်းဖြစ်သူ လင်းသာထံတွင် ပန်းချီသင်တန်းလာတက်သည့် ယမုန့်ကို မြင်လျှင်မြင်ချင်း နှစ်လိုစိတ်ရှိခဲ့သည်။ လင်းသာကလည်း လူများများ မသင်၊ တစ်တန်းဖွင့်လျှင် ငါးယောက်၊ ခြောက်ယောက်လောက်သာ လက်ခံသည်။ ဖြစ်ချင်တော့ ယမုန်တို့ အတန်းစသည့်အပတ်တွင် အမျိုးသမီးသင်တန်းသူ ဟူ၍ ယမုန် တစ်ယောက်တည်းသာလျှင် ရှိသည်။ သည်လိုနှင့် ယမုန်နှင့် စိမ့်တို့ စကားပြောဖော် ဖြစ်လာသည်။

'အစ်မက ဘာလို့ ပန်းချီဆွဲတတ်ချင်တာလဲ' ဟူ၍ ခင်မင် ရင်းနှီးစတွင် စပ်စုဖူးသည်။

'မမ ယမုန်က ဆွဲတတ်ချင်တာထက် နားလည်ပြီး ခံစားတတ်ချင်တာပါ၊ တစ်ခါတလေ စိတ်ဒဏ်ရာရတဲ့သူတွေကို ကုစားတဲ့နေရာမှာ ပန်းချီ

mgyoe.com

mgyoe.com SAMPLE BOOK

ဆွဲခိုင်းတာတို့၊ ဓာတ်ပုံရိုက်ခိုင်းတာတို့၊ ပုံပြင်ဖန်တီးခိုင်းတာတို့နဲ့ သူတို့ဝေဒနာကို ဖောက်ထုတ်ခိုင်းတာမျိုး ရှိတတ်တယ်၊ အဲဒီလိုနဲ့ ကိုယ်လည်း လေ့လာဖို့ စိတ်ဝင်စားလာရော ဆိုပါတော့'

ထိုကျတော့မှသာ ယမုန်ဟာ ဆရာဝန်ထဲကမှ စိတ်ရောဂါကုသော ဆရာဝန်ဖြစ်မှန်း သိရသည်။ သို့သော် စိမ့်တို့နှစ်ဦးအကြားတွင် သာမန် စကား ဖောင်ဖွဲ့ရုံကလွဲလို့ ယမုန် အထူးပြုသောဘာသာရပ်နှင့် စပ်လျဉ်းပြီး ဆွေးနွေး စရာ မရှိခဲ့ပေ။ ကလေးပျက်ကျပြီးမှ ယမုန့်ထံသို့ အလာစိပ်လာရသည်။ ဒါတောင် ဆေးခန်းကို ရောက်ဖူးသည်က နှစ်ကြိမ်မျှသာ။ အများအားဖြင့် ယမုန့်အိမ်မှာ စားစားသောက်သောက် ပြောပြောဆိုဆိုနှင့်သာ အချိန်ကုန်ဆုံး တတ်သည်။

ယမုန်တို့အိမ်ရောက်လျှင် စိမ့်က နှုတ်နည်းသူမို့ ဟာသဉာဏ်ရွှင်သော ယမုန် ပြောသမျှကို ရယ်ရင်း ပြုံးရင်း နားထောင်ရတာ များပါသည်။ ယမုန်နှင့် အတူရှိနေလျှင် လွတ်လပ်သောစိတ်ကို အပြည့်အဝ မရသည့်တိုင် စိမ့်၏ ရှားပါးလှသောအပြုံးမှာ လှိုင်လှိုင်ပွင့်ဝေနေတတ်သည်။ သို့နှင့်တိုင် ယမုန်က စိမ့် ဟက်ဟက်ပက်ပက် ရယ်တာ တစ်ခါမှ မမြင်ဖူးသေးဘူးတဲ့။

ယမုန့်ကိုတော့ စိမ့် အားကျပါ၏။ လူတိုင်း၏ စိတ်ဝေဒနာတွေ၊ အပူတွေ နားထောင်ရတာတောင် သူ့မှာ တစ်ပါးသူကို နှစ်သိမ့်နိုင်အောင် ဟဒယရွှင်လှသည်ကိုး။ အပူကို စုပ်ယူရသည့် အရာဝတ္ထုတွင် အပူကိန်းအောင်း ခြင်း ရှိမနေသည်မှာ တော်တန်ရုံ ဓမ္မကြောင့် မဟုတ်လျှင် ကိုယ်လွတ်ရုန်း တတ်သော စိတ်အခံ မြင့်မားသောကြောင့် ဖြစ်လိမ့်မည်ဟု တွေးမိဖူးသည်။ ယမုန်ကတော့ မကြာခဏ တွေ့ကြုံနေရသော ကိစ္စများ ဖြစ်သဖြင့် မထူးဆန်း မတုန်လှုပ်တော့ခြင်းလည်း ဖြစ်နိုင်ပါသည်။

သို့နှင့် အစောက မိန်းကလေးအကြောင်း အတွေးဆက်မိ ပြန်လေသည်။ အသက်ငယ်ငယ်ရွယ်ရွယ်လေးနှင့် ဘယ်လို စိတ်သောကမျိုးက သူ့ကို ဖိစီးနေပါလိမ့်။ တကယ်တော့လည်း စိတ်ဝေဒနာသည် ငယ်သဖြင့် မခံစားထိုက်သေး ဟူ၍ စောင့်ခိုင်းလို့ရသည်မျိုး မဟုတ်ချေ။ အသက်ကြီး သူများအဖို့ စိတ်ဒဏ်ရာ အနည်းအနှစ်များ ကျောက်ထုသဖွယ် ဖြစ်လာရသလို ငယ်ရွယ်သူများအဖို့ ကျတော့လည်း မာကျောသိပ်သည်းဆ နည်းပါးသေး၍ နုနယ်သော အဖူးသစ်ကို ပိုးကိုက်ခံရသည့်ပမာ ရှိတတ်သည်ဟု ယမုန်က

mgyoe.com SAMPLE BOOK

ရှင်းပြဖူးလေသည်။ သည်လိုဆို ထိုမိန်းကလေး၏ အဖြစ်သည်လည်း မခိုင်မာသော ပုံဆောင်ခဲကို မီးဟပ်ခံရသည့် ပမာမျိုးနှင့်နှင့် ဖြစ်လိမ့်မည် ထင်သည်။

စိတ်ပျံ့လွင့်လို့သာ တွေးမိတွေးရာ တွေးရသော်လည်း စိမ့်သည် ကိုယ်ခံအားကောင်းသူ မဟုတ်ချေ။ သည်လို ဦးနှောက်ခြောက်စရာ အကြောင်းတွေ အနုစိတ် တွေးမိလျှင် ဖြစ်လေ့ ရှိသည့်အတိုင်း အသက်ရှူကျပ်လာပြန်လေသည်။ ပြီးတော့ ခေါင်းကိုက်လာသလိုလို။ အနားတွင် ယပ်တောင် မရှိသဖြင့် ဘေးက ဂျာနယ်ကို ယူပြီး ယပ်သဖွယ် ခတ်ဖြစ်သည်။ သည်တော့မှ နှလုံးချောက်ချားစရာ သတင်းကို သတိပြုမိသည်။

စိမ့် ကံဆိုး၏။

✦✦✦

၂၀၁၅ ခုနှစ် ဧပြီ ၂၃ ရက်နေ့ ရက်စွဲနှင့် ဟိန္ဒူစတန်တိုင်းမ် သတင်းစာထဲက သတင်းတစ်ပုဒ်သည် စိမ့်၏ ဝေဒနာကို ယမ်းယမ်းခါသွားအောင် တစ်ကျော့ပြန်လည် အသက်သွင်းသည်။ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားသော အမျိုးသမီးတစ်ဦး၏ သတင်းကို တုန်လှုပ်စွာဖတ်ရသည်။ ဝမ်းနည်းကြေကွဲဖွယ် ကောင်း၏။ သို့သော် လူတစ်ဦးသေဆုံးရမှုသည် အိန္ဒိယလူ့အဖွဲ့အစည်းကို လှုပ်ခတ်သွားစေနိုင်ခဲ့သည်။

သတင်းခေါင်းစဉ်က 'အလုံပိတ်၍ နေထိုင်ခြင်း၊ ကွာရှင်းပြတ်စဲခြင်းက ဖရီယာဗဒီအတွက် အဘယ်ကြောင့် ရွေးချယ်စရာ နည်းလမ်း မဖြစ်ခဲ့သနည်း' တဲ့။

သတင်းစာထဲက ရောင်စုံဓာတ်ပုံဖြတ်ပိုင်းလေးတွင် အစိမ်းနုရောင် စပို့ရှပ်ကို ဝတ်ဆင်ထားသည့် ဖရီယာဗဒီသည် ညင်ညင်သာသာ ပြုံးနေ၏။ ဘေးနားတွင် အင်္ကျီအနက်ရောင်နှင့် ရပ်နေသူက သူ၏ ချစ်လှစွာသော ခင်ပွန်းဖြစ်သူ ကာမဲလ် ဖြစ်သည်။

သေချာကြည့်လျှင် ကာမဲလ်၏ မျက်နှာတွင် အပြုံးရိပ်ကို မတွေ့ရ၊ နေရောင်စူးသဖြင့် မျက်မှောင်ကြုတ်သလို မှုန်ကုပ်ကုပ် ရပ်အသွင်ကိုသာ

mgyoe.com

mgyoe.com  SAMPLE BOOK 

မြင်ရသည်။ ကာမဲလ်သည် ဖရီယာနှင့် အတူယှဉ်တွဲ ရပ်ကာ သူ့ဇနီးကို ဖက်ထားသလိုလို။ တကယ်က ဖက်ထားခြင်း မဟုတ်၊ ဖရီယာ့ပခုံးပေါ်သို့ ကာမဲလ်၏ လက်ကို တင်ထားခြင်းမျှသာ ဖြစ်သည်။

အများအမြင်မှာတော့ လိုက်ဖက်လှသည့် စုံတွဲ။ ခင်ပွန်းသည်ကလည်း အရေပြားအထူးကု ဆရာဝန်၊ ဇနီးဖြစ်သူကလည်း မေ့ဆေးဆရာဝန်။ သူတို့နှစ်ဦးစလုံး အလုပ်လုပ်သည့် All India Institute of Medical Sciences (AIIMS) ဆိုသည်က အိန္ဒိယ၏ နာမည်ကျော်ဆေးကျောင်းတစ်ခုဟု ဆိုထားသည်။ သည်တော့ သူတို့မောင်နှံဟာ နေနှင့်လ၊ ရွှေနှင့်မြ စုံတွဲ။ ထို့ကြောင့်သာလျှင် နှစ်ဖက်သော မိဘများ၏ အစီအမံအောက်တွင် လောက အမွှန် ကောင်းချီးပေးခံရသော ကြင်ဖော်မောင်နှံအဖြစ် လူတိုင်း အားကျစရာ ဖြစ်ခဲ့ရသည်။

ဖရီယာဟာ လက်ထပ်မင်္ဂလာပွဲမှာတုန်းကတော့ ပျော်ရွှင်ခဲ့မှာ သေချာပါသည်။ အနောက်တိုင်းလိုပဲ မင်္ဂလာဆောင်ဆောင်၊ သို့မဟုတ် ဟိန္ဒူဓလေ့ ထုံးတမ်းစဉ်လာအတိုင်းပဲ ရေစင်ဘိသိက်သွန်း၍ ထိမ်းမြားသည် ဖြစ်စေ အကြင်လင်မယားဟု အများက သတ်မှတ်ထားသည့်နေ့ကစလို့ ဖရီယာဟာ သူ့ဘဝကို ကာမဲလ်ထံသို့ အပြီး အပ်နှံဖို့ရာ ဆုံးဖြတ်ထားပြီး ဖြစ်ပါလိမ့်မည်။ ခများ သည်လို ကြမ္မာဆိုးကို ဘယ်မှာ ကြိုသိခဲ့ရှာမလဲ။

စုံတွဲဓာတ်ပုံထဲတွင် ယဲ့ယဲ့မျှသာ ပြုံးနိုင်သော ဖရီယာကို စိတ်မသက်မသာ နှင့် ကြည့်မိပြန်သည်။

သည့်နောက် အနီ၊ လိမ္မော်၊ အဝါ၊ အပြာ၊ အစိမ်း အရောင်မျိုးစုံ ရောယှက်ထားသော မင်္ဂလာအခမ်းအနား အပြင်အဆင်၊ ရွှေချည်ငွေချည်များနှင့် လက်လက်တောက်နေသော ပိုးသားဆာရီအနီဝတ်ရုံနှင့် ပြုံးပျော်နေသည့် သတို့သမီးလေး၊ တီးမှုတ် ကခုန်သံ တချို့နှင့် ပုရောဟိတ်များ၏ ခရုသင်း မှုတ်သံနှင့်အတူ လျှံကျလာသော မင်္ဂလာပွဲ အထမြောက်ကြောင်း ကျူးရင့်သံ များသည် စိမ့်၏ အနားပွင့် လတ်တလော ဖြစ်ပျက်နေဘိသကဲ့သို့ ရုပ်လုံး ကြွလာလေသည်။

အာရတီလင်ပန်းထဲက ကုံကုမံကို သတို့သားက လက်ဖြင့် တို့ယူ၍ သတို့သမီးလေး၏ နဖူးပေါ် သုတ်လိမ်းပေးလိုက်သည့်အချိန်တွင် မဟာရှားဆုရှန်း

mgyoe.com

mgyoe.com

SAMPLE BOOK


မိစ္ဆာကို အောင်မြင်တော်မူသည့်အတွက် ဒူးဂါးရ်မယ်တော်ကို သျှိဝနတ်ဘုရားက မိစ္ဆာ၏ သွေးကိုယူ၍ မယ်တော်၏ နဖူးပြင်နှင့် ဆံတော်အကြား သုတ်လိမ်း ဂုဏ်ပြုသည့် ပမာနယ် သတို့သမီးလေး ဖရီယာခမျာလည်း ပီတိလှိုင်းကြွ ရင်တဖိုဖို ဖြစ်ရှာလိမ့်မည်။

ဩော်…သနားစရာ ဖရီယာ။

သူ့ခမျာ သူ့ကို စိတ်မဝင်စားဘဲ လိင်တူချင်းကိုသာ စုံမက်သည့် ခင်ပွန်းကို မည်မျှ သည်းခံ ပေါင်းသင်းခဲ့ရသနည်း၊ မည်မျှ ကြိတ်မှိတ်မျိုသိပ်ခဲ့ရသနည်း၊ မည်မျှ ဟန်ဆောင်ခဲ့ရသနည်း။ လက်ထပ်ပြီး ခြောက်လအကြာတွင် ကာမဲလ်၏ အခြေအနေမှန်ကို သိရှိခဲ့သတဲ့။ ဤသို့သော ထိန်းချုပ်မှုအားလုံး၏ လွန်မြောက်ခြင်းကား ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ခြင်းတဲ့လား။

မသေခင်လေး လူမှုကွန်ရက်ပေါ်တွင် ဖရီယာ ရေးသွားသည့် စာသည် သူ ခံစားရသမျှကို တစ်စွန်းတစ်စ လှစ်ဟပြသည်။

'ရှင့်ရဲ့ စိတ်တိမ်းညွတ်မှုကို သိနေ၊ လက်ခံနေသည့်တိုင် ကျွန်မ ရှင်နဲ့ အတူ ရှိနေချင်ပါတယ်၊ ကျွန်မ ရှင့်ကို သိပ်ချစ်တယ်၊ ဒါပေမဲ့ ကာလ်မဲရယ်… ရှင်ဟာ မိစ္ဆာတစ်ကောင်ပဲ'

မိဘများက စီမံသည့် အိမ်ထောင်ရေး ဖြစ်တာတောင် ဖရီယာခမျာ ဘုရားသခင်စုံဖက်ပေးသည့် ခင်ပွန်းသည်အမှတ်ဖြင့် သစ္စာမယွင်းဘဲ ပေါင်းသင်းနိုင်ခဲ့သည်။ ငါးနှစ်ကျော်မျှကြာသော သူတို့ အိမ်ထောင်ရေးတွင် ဖရီယာဟာ ထိုးတည်းနိုင်မှုကို ခါးသီးစွာ ဖြတ်သန်းခဲ့ရပါလိမ့်မည်။ ဆုပ်ကိုင်စရာ ကောက်ရိုး တစ်မျှင်မျှပင် မရှိသော ဘဝပင်လယ်၏ မဟူရာညပေါင်းများစွာကို ရင်ဆိုင်ခဲ့ရ ရှာမည်။

ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သော သူ့သတင်းသည် သူ့ပတ်ဝန်းကျင် နှင့် အပေါင်းအသင်းများကိုပါ တုန်လှုပ်စေခဲ့သည်။ သူတို့ကတော့ ဖရီယာဟာ ပျော်ပျော်နေတတ်တဲ့ မိန်းမလှလေးတစ်ယောက်ဟု ပြောကြသည်။ အများရှေ့က ဘဝနှင့် နောက်ကွယ်က လူမသိသော ဘဝနှစ်ခုသည် သွင်သွင်ကြီး ဆန့်ကျင် လျက်။ ကိုယ့်ကိုယ်ကိုယ် အလှောင်ပိတ်ခံခဲ့သည့် ဖရီယာဟာ အခုတော့ အမှန်တကယ် လွတ်မြောက်သွားပြီတဲ့လား။

ဖြစ်ရလေ ဖရီယာရယ်။ နေရာချင်းသာ လဲလိုက်ချင်ရဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

စိမ့်သည် မောရသည့်ကြားက သည်သို့သာ မချင့်မရဲ ရေရွတ်မိတော့သည်။ စိတ်အာရုံကို အခြားနေရာသို့ ပို့လည်း ခဏကြာလျှင် ဖရီယာ့သတင်းဆီကိုသာ စိတ်ပြန်လည်လာသည်။ သို့နှင့် သတင်းစာ စာမျက်နှာကို ပြန်လည်ကြည့်မိပြန်သည်။ မကြည့်··· မကြည့်ဟု တင်းထားသည့်ကြားက အာရုံသည် သည်အနားတွင်သာ တဝဲလည်လည်။

စိမ့်နာမည်ကို ခေါ်လိုက်သံကြားတော့မှသာ ထိုအကျဉ်းအကျပ်ကနေ ခေတ္တ လွတ်မြောက်ခွင့် ရတော့သည်။

✿

mgyoe.com

mgyoe.com SAMPLE BOOK

(၂)

အခန်းထဲတွင် ရောက်လိမ္မော်ရနံ့လိုလို ယဉ်မြမြအနံ့တစ်မျိုး သင်းနေသည်။ အခန်းထောင့်က ခုံအမြင့်ပေါ်တွင် တင်ထားသော ကြွေပန်းအိုးထဲတွင်မှ ခတ္တာပန်းတို့ တလူလူကြွားဝင့်နေသည်။ ထို့ပြင် အခန်းထဲတွင် ရေတံခွန် အငယ်စားလေးတစ်ခုကိုလည်း ဖန်တီးထားသေးသည်။ ပလောက် ပလောက် ဟူသော ညင်ညင်သာသာ တသွင်သွင် စီးဆင်းနေသည့် ရေကျသံသည် နရီမှန်လှသည်။

ရေတံခွန် စီးဆင်းရာ ချောပြောင်နေသော ကျောက်တုံးနံရံ၏ အောက်ခြေတွင် အစစ်လား၊ အတုလား ဟူ၍ စိမ့် မဝေခွဲတတ်သော ကြာပွင့်တချို့။ အာရုံကြည်မွေ့စရာ ဝန်းကျင် ဖြစ်သော်လည်း လူနာ၏ ဝေဒနာကို အရှင်းပျောက်သွားစေရန် ထိုအပြင်အဆင်တို့က မစွမ်းဆောင်နိုင်ချေ။ လေအေးစက်ဖွင့်ထားသဖြင့် လှောင်အိုက် မနေတာတောင် စိတ်ကျဉ်းကျပ်နေသေးသည်။ ဒါက ယခင်တုန်းက ယမုန့်အိမ်သို့ သာမန်ဧည့်သည်အဖြစ် လာရသော အနေအထားနှင့် ယခုလို ဆရာဝန်နှင့်လူနာဆိုသည့် သဘောဖြင့် တွေ့ဆုံရသော အခြေအနေ၏ ကွာခြားချက် ဖြစ်သည်။

စိမ့်၏ စိတ်ခံစားမှုကို ရိပ်မိဟန်တူသော ယမုန်ကမူ 'စိမ့်က ကိုယ့်ကိုယ်ကိုယ် လူနာလို့ သဘောမထားရဘူးနော်' ဟု အားပေးလေ့ ရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK


အခုလည်း…

''အားနာလိုက်တာကွယ်၊ ရှေ့က ဧည့်သည်နဲ့ နည်းနည်းကြာသွားတယ်''
ဟု အားတုံ့အားနာ ဆိုသည်။

''ရပါတယ် အစ်မ၊ အစ်မ အလုပ်သဘောကို စိမ့်နားလည်ပါတယ်''

''ပိုပြီး အေးအေးဆေးဆေး စကားပြောချင်လို့ သူတို့ကို အိမ်ခေါ်လိုက်တာ၊ အဲလိုကေ့စ်ဆိုရင် အိမ်မှာက ပိုဆင်ပြေတယ်၊ ထိုင်ဦးနော် စိမ့်၊ သာကူကျို့ထားတာရပြီ ပြောတယ်၊ စားမယ် မဟုတ်လား၊ တို့ သွားယူလိုက်ဦးမယ်''

ယမုန်က သူ့ဟာသူ မေး၊ သူ့ဟာသူ ဖြေပြီး ပြောပြောဆိုဆိုနှင့် ထသွားသည်။ အစောက မိန်းကလေး၏ အကြောင်းကိစ္စကို သိလိုသော်လည်း လူမှုရေးစည်းမျဉ်းအရ စိမ့် မစပ်စုဝံ့ပေ။ အခန်းထဲကနေ ထိုကလေးမလေး ပြန်ထွက်လာတုန်းက သူ့ကို တွေ့စကလို တုဏှိဘာဝေရုပ်သွင် မဟုတ်တော့ဘဲ အင်အားမှန်သမျှကို တစ်ကိုယ်လုံးကနေ စုပ်ယူခံထားရသလို ပျော့ဖပ်နွမ်းချည့်သော ရုပ်သွင်ကိုသာ မြင်ရသည်။ စိတ်မချမ်းမြေ့လိုက်တာ။

ယမုန်ကတော့ သူ့ဟန်အတိုင်း ပုံမှန်သာ။ သူ့မျက်နှာသည် အမြဲတစေနီးပါး မိတ်ကပ်အခြယ်အသ ကင်းသည်။ အလွန်ဆုံးမှ အရောင်ဖျော့သော နှုတ်ခမ်းဆိုးဆေးကို ပြေပြေလေး ဆိုးရုံမျှသာ။ နက်မှောင်၍ ကျောလယ်လောက်အထိ ရှည်သော ဆံပင်ကို အလယ်က ခွဲကာ နောက်ဘက်တွင် စုချည်ထားသဖြင့် ဆယ်ပြားစေ့အသွင် သူ့မျက်နှာကို ရှင်းလင်းထင်းဝင်းစွာ တွေ့နိုင်သည်။ သူ၏ မနိမ့်မမြင့်အရပ်နှင့် မပိန်မပါး ခန္ဓာကိုယ်သည် လှုပ်ရှားလိုက်တိုင်း ငှက်မွေးတစ်စလို ပေ့ါပါးနေတတ်သည်။ ယမုန်မှာ ထူးခြားလှတာဆိုလို့ ဝင်းဝါသည့် အသားအရေတစ်ခုသာ ပြောစရာ ရှိသည်။ အသက်သုံးဆယ်ကျော် အမျိုးသမီးတစ်ဦး၏ တည်ငြိမ်မှုနှင့် ကျက်သရေကို သူ့ထံတွင် မြင်ရသည်။ ခြုံ၍ ကြည့်ရလျှင် ကြည့်၍ မဆိုးလှ ဆိုသည်မှအပ ဆွဲဆောင်မှုရှိသူတစ်ဦးတော့ မဟုတ်၊ သို့သော် မိမိကိုယ်ကိုယ် ယုံကြည်ချက်ခိုင်မာသည့် စိတ်ဓာတ်က သူ့မျက်နှာတွင် ထင်းထင်းပြသည်။

ဒါကလည်း ယမုန်တင် မဟုတ်။ ယမုန်တို့ ညီအစ်မသုံးယောက်စလုံး၏ သွင်ပြင်မှာ စိတ်ဓာတ်ခိုင်မာကြပုံ ထင်ရှားသည်။ အင်္ဂလန်တွင်နေသော သူ့အစ်မနှစ်ယောက်အပါအဝင် ဆရာဝန်ညီအစ်မသုံးဖော်၏ ဓာတ်ပုံကို သည်အိမ်သို့ရောက်တိုင်း အားကျစိတ်ဖြင့် ငေးကြည့်ရစမြဲ။

mgyoe.com

mgyoe.com

SAMPLE BOOK


''စိမ့်ကို ပြီးရင် အံ့သြသွားမယ့် သတင်းတစ်ခု ပြောစရာ ရှိတယ်၊ အရေးတော့ မကြီးပါဘူးလေ၊ ကိုယ့်ညီမဆိုတော့ ကြိုတင်ပြောပြရတာပေါ့''

အခန်းအတွင်းသို့ ပြန်လည် ဝင်လျှင်ဝင်လာချင်း ယမုန်က ပြုံးဟဟ နှင့် ဆိုသည်။

''ဘာလဲ၊ ပြောပါ အစ်မရဲ့''

''ထားပါကွာ၊ လောလောဆယ် စိမ့်အကြောင်းပဲ အရင်ပြောရအောင်၊ စိမ့်တို့ ဥရောပသွားဖို့ အဆင်သင့်ဖြစ်ပြီလား၊ ဗီဇာရော အဆင်ပြေရဲ့လား''

''မနေ့ကပဲ ဗီဇာရပါတယ်၊ အစ်ကိုကြီးကတော့ စိမ့်အရင် ဗီဇာ ရနှင့်တာပေါ့၊ အစ်ကိုကြီးအတွက် သူတို့ အနုပညာအလုပ်ရုံဆွေးနွေးပွဲလုပ်တဲ့ အဖွဲ့က အစစအရာရာ စီစဉ်ပေးတယ်၊ စိမ့်ကတော့ စိတ်ပြေလက်ပျောက် ကိုယ့်ဘာသာ လိုက်သွားမှာ''

''ကောင်းသားပဲ စိမ့်ရဲ့၊ မမယမုန်လည်း စိမ့်ကို ခရီးထွက်ဖို့ ပြောသားပဲလေ၊ ဒါမှ စိတ်အပြောင်းအလဲ ဖြစ်မှာ၊ အခုရော စိမ့် နေရထိုင်ရတာ ဘယ်လိုနေလဲ၊ ညဘက်ရော ကောင်းကောင်းအိပ်ပျော်ရဲ့လား''

ကလေးပျက်ကျခါစက ညစဉ်ညတိုင်း ကလေးငိုသံတွေ နားထဲမှာ စီစီညံပြီး အိပ်နေရင်း လန့်နိုးရသည့် အဖြစ်အား ယမုန့်ကို စိမ့် ပြောပြဖူးသည်။ သို့သော် ထိုအသံများကို မကြားရပြန်တော့ဘဲ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကစပြီး ဘွားဘွားကို စိမ့်အနားတွင် ပြန်မြင်နေရသည်။

စိမ့် လှဲနေလျှင် ဘွားဘွားသည် ခေါင်းရင်းဘက်တွင် ထိုင်နေသည်။ စိမ့် ထိုင်နေလျှင်လည်း ဘွားဘွားက မျက်စောင်းထိုးနေရာလောက်မှာ ဖြစ်ဖြစ်၊ လင်းသာ ပန်းချီဆွဲရန်အတွက် ထိုင်ပြီး အတွေးပွားရာ ပက်လက်ကုလားထိုင်ပေါ်မှာပဲ ဖြစ်ဖြစ် ဘွားဘွားကို တွေ့ရသည်။ ရပ်နေလျှင်တောင်မှ စိမ့် နောက်ကျောဘက်ကနေ ဘွားဘွားက ကြည့်နေသလိုလို။

အဘယ်ကြောင့် စိမ့်အနားသို့ ဘွားဘွား သည်လို ပြန်ရောက်လာ ရသည်ကို သိသည်။

ဆုံးမစကားပြောဖို့ပင်၊ စိမ့်ကို စောင့်ကြည့်ဖို့ပင်၊ အထူးသဖြင့် စိမ့် ရုန်းကန်နေပြီ၊ လွတ်မြောက်ရာကို ရှာနေပြီဆိုသည်ကို သိနေခြင်းကြောင့်ပင် ဖြစ်သည်။

လင်းသာသည် ဘယ်တုန်းကမှ စိမ့်ကို နားမလည်၊ ပြီးတော့ မညာတတ်

mgyoe.com

mgyoe.com SAMPLE BOOK


ဟုပင် ထင်မိသည်။ ကလေးပျက်ကျထားသည့် မိန်းမတစ်ဦး၏ စိတ်သောကကို မှုမယူခဲ့ပေ။ တစ်ကိုယ်ကောင်းဆန်၏။ စိမ့်ဟာ ဘွားဘွား၏ စကားကို နားထောင်ရန်၊ လင်းသာ၏ ဆန္ဒကို လိုက်လျောရန်အတွက်သာ လူဖြစ်ခဲ့ရခြင်း ဖြစ်သည်။ သည်အကြောင်းတွေကို သူတစ်ပါးနားလည်အောင် စိမ့် မပြောပြ တတ်ပါ။ ပြောပြဖို့ပင် ပင်ပန်းလွန်းလှသည်။

"အိပ်ပျော်အောင် ကြိုးစားပါတယ် အစ်မရယ်၊ ဒါပေမဲ့ ခုရက်ပိုင်း ခဏခဏ ခေါင်းကိုက်တယ်၊ ပြီးတော့ ဆီးစပ်နဲ့ ဝမ်းဗိုက်ကလည်း အောင့်သလိုလိုပဲ မောလည်း မောတယ်"

"ခေါင်းကိုက်တာက စိမ့် အိပ်မပျော်တာကြောင့် ဖြစ်နိုင်တယ်၊ ပြီးတော့ စိမ့်ဟာ အတွေးများပုံပဲ၊ ထားပါလေ၊ တို့ ဆေးပေးလိုက်ပါ့မယ်၊ ဆီးစပ်နဲ့ ဝမ်းဗိုက်အောင့်တာက ဘယ်လိုမျိုး ပုံစံလဲ၊ ပုံမှန်က သန္ဓေသားကို ခြစ်ချလိုက်ပြီဆိုရင် ပြီးတော့လည်း ပြီးသွားတာပဲ၊ ဒီ‌ဝေဒနာက်ကြီး ရက်ကြာကြာ နာမနေနိုင်ပါဘူး၊ ဟိုတစ်လောက တို့ကို ပြောတော့ မောနေတယ်ဆိုတာပဲ ပါတယ်၊ အောင့်တာက ဒီရက်ပိုင်းကျမှ အောင့်လာတာလား"

"ဟုတ်ကဲ့၊ ဒီရက်ပိုင်းမှ ဖြစ်တာပါ"

"ဒါဖြင့်...ပြီးရင် မမယမုန် စိမ့်ကို စမ်းကြည့်မယ်လေ၊ လိုအပ်ရင် ဟိုကို မသွားခင်မှာ ဆေးစစ်သွားဖို့ တို့ ရေးပေးလိုက်ပါ့မယ်၊ တစ်ခုက စိမ့်ဟာ ကလေးအပေါ် စွဲလမ်းစိတ်ကြောင့်၊ ဒါမှမဟုတ် တခြားသော ပြင်ပက အကြောင်းအရာတွေအပေါ် ပူပန်သောက ရောက်နေတာကြောင့် ဖြစ်တဲ့ ဝေဒနာလား ဆိုတာလည်း ကြည့်ရဦးမယ်"

ယမုန့်စကားဆုံးတော့ စိမ့် မျက်လွှာချမိသည်။ မြုံစိစိသူ့ဟန်အတိုင်း တွင်းနက်ထဲသို့သာ ပြန်ပြေးဝင်ရန် ကြံနေသည်။

ဟုတ်ပါတယ် အစ်မရယ်၊ အဲဒါ ကလေးအတွက် ဝေဒနာ အကင်း မသေသေးတဲ့ စိမ့်ကို နောက်ထပ် ဘီလူးအစီးခံရပြီးမှ၊ ပြီးတော့ ဘွားဘွား စိမ့်ဆီ ပြန်ရောက်လာပြီးမှ ဖြစ်လာရတာပါ၊ ဟုတ်တယ်၊ သူတို့က တစ္ဆေ၊ သရဲ၊ ဘီလူးသဘက်၊ ဖုတ် မကောင်းဆိုးဝါး၊ အို...ညစ်ထေးပြီး လောကမှာ မရှိသင့်တဲ့ လူတွေ။

စိမ့်သည် စိတ်ရှိသလို အော်ဟစ် ပေါက်ကွဲလိုက်ချင်သည်။

mgyoe.com

 mgyoe.com SAMPLE BOOK 

သို့သော် ခံစားချက်မှန်သမျှ အပြင်သို့ အန်ထွက် ကျလာဖို့ရာအတွက် အလွှာအထပ်ထပ်ကို ဖြတ်သန်းရသည်။ ထိုအလွှာများက စကားလုံးများကို ဆန်ခါနှင့် တိုက်ချသလို စစ်ချယူသည်။ အဆုံးမတော့ အကြောင်းအရာ ပေါများသော်လည်း စကားလုံးရှားပါးသဖြင့် မျိုချလိုက်ရသော အစိုင်အခဲများ သည် စိမ့်ကိုသာ ဥပဒ်ဖြစ်စေတော့သည်။

✦✦✦

စိမ့်ကို ပျော်စေချင်၍ပေလော မသိ၊ ယမုန်က ဥရောပခရီးအကြောင်း စကားလမ်းကြောင်း ပြောင်းသည်။

မကြာမီ ဆောင်းဦးကျတော့မည်ဖြစ်၍ အနွေးထည်အလုံအလောက် ယူသွားရန်၊ ပန်းချီပြတိုက်တွေ သွားရန် အကြံပေးသည်။

ပြီးတော့ စိမ့် ပြန်ရောက်လျှင် အေးအေးဆေးဆေး စကားပြောကြဦးမည်တဲ့။ ဗိုက်အောင့်တယ်ဆိုတာ စိတ်ဖိစီးမှု ရှိရင်လည်း ဖြစ်တတ်သတဲ့။ ဆရာဝန်နှင့် လူနာဆိုတာ ပွင့်ပွင့်လင်းလင်း ရှိသင့်သည်ဟု ဆိုလာတော့ စိမ့် မနေသာတော့။

"ခုနက သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရတုန်းက အောင့်လာပြန်တယ် အစ်မ"

ဝေဒနာနှင့် ပတ်သက်ပြီး သည်မျှလောက်ကိုသာ ပြောပြနိုင်သည်။ ကျန်တာ ယမုန် သူ့ဘာသာ ဆက်ပြီး စူးစမ်းပါစေ။

"ဘာသတင်းလဲ စိမ့်"

"ဟိန္ဒူစတန်တိုင်းမ်မှာ ပါတဲ့ သတင်းလေ၊ နယူးဒေလီက ဒေါက်တာဖရီယာဗဒီ သူ့ကိုယ်သူ သတ်သေတဲ့အမှု"

"ဩော်...စိမ့်လည်း အဲဒီအကြောင်း စိတ်ထဲ မချင့်မရဲဖြစ်နေတယ် ထင်ပါရဲ့၊ အဲဒီကေ့စ်ကို စိတ်ဝင်စားလို့ တို့လည်း လက်လှမ်းမီသမျှ သတင်းတွေ စုထားတာ၊ အခု မမယမုန် ပြုစုနေတဲ့ Mental disorders and sexualities ဆိုတဲ့ ကျမ်းနဲ့ နည်းနည်းသက်ဆိုင်တယ်လေ၊ မြန်မာလို ဆိုရင်တော့ လိင်စိတ်နှင့် စိတ်ကျန်းမာရေး ပြဿနာများလို့ ဘာသာပြန် ရမလားပဲ၊ ခဏနော်၊ စိမ့် စိတ်ဝင်စားရင် ပြရဦးမယ်"

mgyoe.com

အံဆွဲထဲက ထုတ်ယူလိုက်သော ဖိုင်ထဲတွင် ဖရီယာ့အကြောင်း သတင်းအတိုအစများ၊ ဓာတ်ပုံများ စုစည်းထားသည်ကို တွေ့ရသည်။ လက်ကောက်ဝတ်ကို လှီးဖြတ်ရာတွင် ဖရီယာ အသုံးပြုခဲ့သော သက်သေခံ ဓားပုံလည်း ပါသည်။

ဖရီယာ၏ အမှုကြောင် အဓိက တာဝန်ရှိသူက ဖရီယာကိုယ်တိုင်လား၊ ဒါမှ မဟုတ် သူ့ခင်ပွန်း ကာမဲလ်လား၊ ဒါမှ မဟုတ် အိမ်ထောင်ရေးတွင် တင်းကျပ်သော စံများနှင့် ရစ်ပတ်ထုံးနှောင်ထားသော အိန္ဒိယလူ့အဖွဲ့အစည်း ကြောင့်ပေပဲလား ယမုန်က တွေးတွေးဆဆ မေးခွန်းထုတ်သည်။ စိမ့်ကတော့ နားထောင်သူ သက်သက်မျှသာ။

"ဖရီယာ မသေခင် ရေးခဲ့တဲ့ စာထဲမှာ ကာမဲလ်ဟာ ခန်းဝင်ကြေးနဲ့ ပတ်သက်ပြီး သူ့ကို နှိပ်စက်ခဲ့တယ်လို့ ပါတယ်၊ တကယ်တော့ နှိပ်စက်ဖို့ အကြောင်းရှာခဲ့တယ် ဆိုရမှာပဲ၊ အဲဒါကြောင့်လည်း အမှုဖြစ်ပြီးတဲ့နောက်မှာ ရဲတွေက သူ့ယောကျ်ားကို ခန်းဝင်ကြေးအတွက် သေဆုံးရတဲ့ပုဒ်မနဲ့ ဖမ်းဆီး ခဲ့တယ်တဲ့၊ အိန္ဒိယမှာတော့ ထင်မြင်ချက်က မျိုးစုံပေါ့ကွယ်၊ စိတ်မကောင်း စရာက ဖရီယာကို သူ့ဆန္ဒ မပြည့်ခဲ့တဲ့အပေါ် တချို့က ဟစ္စတီးရီးယားလို့ လည်း အမည်တပ်ပြီး လှောင်ကြသေးတာ"

"ဘာရယ်၊ ဘယ်လိုရယ်"

စိမ့်က ထပ်ဆင့် မေးတော့ 'ဟစ္စတီးရီးယား' တဲ့။ အဖြေသည် ရှင်း၏။

'ထူးထူးရေ' ဆိုပြီး မြည်တလျက် ငိုကြွေးခဲ့ရသော ဆောင်းအိပ်မက် ကို ပြန်လည် သတိရမိသည်။

စိမ့်က 'ထူးထူးရေ' ဟု ခေါ်သည်။ ထူးထူးက စိမ့်ကို ပြုံးပြုံးကြီး စိုက်ကြည့်ပြီးမှ စက်ဘီးကို အားကုန်နင်းကာ စိမ့်နှင့် ဝေးရာကို ပြေးသည်။

အိပ်မက်ထဲတွင် မှောင်နေသည်။ သို့ပေမဲ့ ထူးထူး စက်ဘီးစီးသွား သည့် မြင်ကွင်းသည် စိမ်းစိုသော တောင်ခါးပန်းလေးတွင် ဖြစ်သည်ဟု အိပ်မက်ထဲမှာပင် စိမ့်က သူ့ကိုယ်သူ ပြောပြနေမိသည်။ အိပ်မက်ထဲမှာသာ တဝ့်သော ထူးထူးကို အိပ်မက်ထဲမှာသာ တရင်း ငိုကာ ထိုမျှနှင့်သာ အဆုံးသတ် ခဲ့ရသည်။

mgyoe.com

mgyoe.com

ထူးထူးနှင့်အကြောင်း အန်တီသီသီတို့ ကြားစဉ်က စိမ့် နားမရဲသော စကားလုံးဖြင့် စိမ့်ကို လှောင်ပြောင်ခဲ့ကြဖူးသည်။ ပြီးတော့ စိမ့်ကို ရောဂါသည်လေးပါတဲ့လေ။

''အစ်မ၊ အစ်မ ပြောတဲ့ ဟစ္စတီးရီးယားက ရောဂါလားဟင်''

''အင်း…ရောဂါထဲမှာ ပါတယ်၊ မြန်မာလို စိမ့် သိတယ် မဟုတ်လား၊ မမယမုန် ပြောရမှာ တစ်မျိုး ဖြစ်နေလို့၊ အစကတော့ ရမ္မက်အလိုဆန္ဒ မပြည့်ဝတာကနေ ဖြစ်တဲ့ စိတ်ရောဂါလို့ သတ်မှတ်ကြပေမယ့် အခုနောက်ပိုင်း မှာတော့ ဒီထက်မက ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် လေ့လာမှုတွေ ရှိလာတယ်၊ တကယ်တော့ အဲဒီ ရောဂါက အမျိုးသမီးမှာတင် ဖြစ်တာ မဟုတ်ပါဘူး၊ ဒါပေမဲ့ အမျိုးသမီးတွေနဲ့သာ သက်ဆိုင်တဲ့ ရောဂါလို့ ထင်အောင် ပုံစံသွင်း လာခဲ့ကြတာ''

ယမုန် ရှင်းပြသည့်အကြောင်းအရာများကို လုံးစေ့ပတ်စေ့ နားမလည် လှပါ။ သို့ပေမဲ့ ထိုအရာသည် ရောဂါဖြစ်နေသည် ထားဦး၊ လူ့ဝန်းကျင်၊ အထူးသဖြင့် ယဉ်ကျေးသော လူ့ဝန်းကျင်တွင် ဒီရောဂါကို အကြောင်းပြုပြီး ရယ်ပွဲဖွဲ့သင့်ပါရဲ့လား။

''အဲဒီ ရောဂါက ကုလို့ရလား ဟင် အစ်မ''

''စိမ့်ကလည်းကွယ်၊ ရတာပေါ့၊ ရောဂါက ကုလို့ရတယ်၊ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် အကျဉ်းချထားတာ၊ ကိုယ့်စိတ်ကို ကိုယ်ပြန်လှောင်ပိတ်ပြီး လွတ်မြောက်ခွင့် မပေးတာကကျတော့ ကုရတာ ကြာရှည်တယ်၊ ဥပမာကွာ၊ လိင်ပိုင်းဆိုင်ရာ အဓမ္မအကျင့်ခံရသူတွေရဲ့ စိတ်ဒဏ်ရာကို ကုစားတဲ့အခါ အဲဒီလို သူတို့ကိုယ် သူတို့ အကျဉ်းချထားတဲ့ စိတ်ကနေ လွန်မြောက်အောင် ကြိုးစားရတာ အတော်လေး အချိန်ယူရတယ်''

ယမုန့်စကားနှင့် ဆိုင်၊ မဆိုင် မသေချာပေမဲ့ အစောက ဂျင်း ဘောင်းဘီနှင့် မိန်းကလေး၏ မျက်နှာနုနုလေးကို ကွက်ခနဲ မြင်ယောင်မိသည်။

စိမ့်ရောဂါကရော ဘာတဲ့လဲ။

အမေ ထားသွားခဲ့လို့ ဝမ်းနည်းရခြင်းလား၊ အသက် ၁၁ နှစ် အရွယ် မှာ ကျော်ကျော့်ကြောင့် ဘဝမလုံခြုံခဲ့ရခြင်းလား၊ ဘွားဘွား၏ ဆုံးမစကားများ ကြောင့် ပိတ်လှောင်ခဲ့ရခြင်းလား၊ ဒါမှမဟုတ် လင်းသာကြောင့် အနာဂတ် ပျောက်ဆုံးရခြင်းလား၊ ထူးထူးနှင့် ဝေးရခြင်းကြောင့် စိတ္တဇပိုသည်းခဲ့ခြင်းလား၊

mgyoe.com

m gyoe.com SAMPLE BOOK

အန်တီသီသီတို့ သားအမိတစ်တွေကြောင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်ကင်းမဲ့ရခြင်းလား၊ အို…ဘာမှန်း မသိတော့ပါဘူး။

"ပုထုဇ္ဇနော ဥမ္မတ္တကောဆိုတာ အမှန်ပဲ စိမ့်ရဲ့၊ စိတ်ရောဂါဆိုတာ တကယ်က ရှက်စရာလည်း မလိုပါဘူး၊ မမယမုန်မှာလည်း ရှိနိုင်တာပဲ၊ နောက်တစ်ခုက လူ့အဖွဲ့အစည်းက သတ်မှတ်ထားတဲ့ စည်းဘောင်ထဲမှာ နေရတဲ့ စိတ်ဝေဒနာကျတော့ ပြောထွက်ဖို့ ပိုပြီး မလွယ်ကြဘူး၊ ဒါဟာ ပိုပြီး ဖိစီးမှု ဖြစ်လာစေတယ်၊ စိမ့်ဖြစ်ဖြစ်၊ စိမ့်ပတ်ဝန်းကျင်မှာဖြစ်ဖြစ် အဲဒီလို ဖြစ်လာရင် စောစောစီးစီး ကုသမှုယူသင့်တယ်၊ ငယ်သေးတဲ့အရွယ် ဆိုတာ လောကမှာ ပျော်ထိုက်ပါသေးတယ်လေ"

ယမုန့်စကားကြောင့် ယမုန်ဟာ စိမ့်အခြေအနေကို တစ်စွန်းတစ်စများ သိနေပြီလားဟု စိတ်မလုံမလဲ ဖြစ်ရသေးသည်။ ခရီးက ပြန်လာလျှင်တော့ ယမုန်နှင့် ထပ်တွေ့ဦးမှပါဟု တေးထားလိုက်သည်။

"ဒါနဲ့ ခုနက အစ်မပြောတဲ့ အံ့သြစရာသတင်းက ဘာလဲဟင်"

ထိုအခါ ယမုန့်မျက်နှာသည် ရှက်ပြုံးနှင့် အနည်းငယ် နီမြန်းသွားသည်။

"တို့ လက်ထပ်တော့မယ်"

"ဟယ်…တကယ်၊ ဘယ်သူနဲ့များလဲ အစ်မရယ်"

ယမုန်ကို ရည်းစားသန် မပြောနှင့် အမျိုးသားမိတ်ဆွေနှင့် တွဲသွားတွဲလာတောင် မမြင်ခဲ့ရဖူးတာမို့ ထိုမင်္ဂလာသတင်းသည် စိမ့်ကို အမှန်ပင် အံ့သြစေခဲ့ပါသည်။

"ဖိတ်စာဝေတော့ စိမ့် သိလိမ့်မပေါ့၊ ဒါပေမဲ့ သူဟာ ရိုးရိုးကုပ်ကုပ် လူတစ်ယောက်ပါ၊ ဆရာဝန်အချင်းချင်းနဲ့သာ လက်ဆက်စေလိုတဲ့ တို့ အသိုင်းအဝိုင်းကတော့ သဘောမတူဘူးပေါ့ဟာ၊ ဒီတော့ စိမ့် ခရီးက ပြန်လာတဲ့ အချိန်ကျရင် တို့ ဒီအိမ်ပေါ်မှာ ရှိဖို့ မသေချာဘူး။

စိမ့်ရေ… မမယမုန် အများကြီး ရုန်းရဦးမယ် သိလား၊ ဒါပေမဲ့ တို့တော့ ကိုယ့်စိတ်ပျော်တာ ကိုယ်လုပ်မှာပဲ၊ ဘယ်အချိန်သေမလဲ မသိနိုင်တဲ့ လူ့ဘဝတိုတိုလေးမှာ စိတ်ချမ်းချမ်းသာသာပဲ နေချင်တယ်ကွယ်"

"ဒါပေါ့ အစ်မရယ်၊ ကိုယ်ပျော်တာ ကိုယ်လုပ်ခွင့်ရှိရမယ်၊ ဒါပေါ့ ဒါပေါ့၊ ဒါပေါ့လေ"

mgyoe.com

mgyoe.com
SAMPLE BOOK


ယမုန့်စကားကို လေးလေးနက်နက် ထောက်ခံမိသည်။ ထို့အတူ မကြာမီ သွားမည့် ဥရောပခရီးစဉ်အတွက် ဘယ်သောအခါမှ နောင်တရလိမ့်မည် မဟုတ်ပါ။ သူ့အတွေးနှင့်သူ စိမ့်မျက်နှာလေး အနည်းငယ်ကြည်လင်လာလေသည်။

သို့သော် မကြာပါ။

အိမ်အပြင်ဘက်က ခွေးဟောင်သံတချို့ကြောင့် ကြည်လင်မှုလေး လွင့်ပျောက်ရပြန်လေသည်။ ပြတင်းပေါက်ကို ကျော်၍ ထိုခွေးလေ ခွေးလွင့်များကို မနှစ်လိုစွာ လှမ်းကြည့်နေဆဲမှာပင် ယမုန်က စိမ့်ခန္ဓာကိုယ်ကို စမ်းသပ်ရန်အတွက် ခုတင်ပေါ်တွင် ခဏလှဲရန် ပြောလိုက်သည်ကို ကြားလိုက်ရသည်။

✿

mgyoe.com

mgyoe.com SAMPLE BOOK

(၃)

ရေလွှာပြင်ပေါ်သို့ နစ်ဝင်သွားသော မိုးပေါက်များကို အကြောင်းမဲ့ ငေးနေမိသည်။

ကြီးမားကျယ်ပြန့်သော ဖောင်ကြီး၏ အစွန်းတစ်ဖက်ဆီတွင် အမေ၊ ဘွားဘွားနှင့် စိမ့်တို့ တစ်ဦးနှင့်တစ်ဦး ကျောပေးကာ ခြေဆင်း၍ ထိုင်နေကြသည်။ အေးအေးလူလူ သက်သောင့်သက်သာ အနားယူနေသည့်ပုံမျိုး။ သို့သော် စိမ့်တို့ မိုးရေ မစိုပါ။

"ကျီးညို အပျိုဖြစ်လာရင် လူထဲသူထဲ လှလှပပဖြစ်အောင် ဆွဲကြိုးတစ်ကုံးလောက် အမေ ဆင်ဦးမယ်"

အမေ့စကားဆုံးတွင် ဘွားဘွား၏ အသံက လိုက်လာသည်။

"လှစေချင်တာတော့ ဟုတ်ပါပြီအေ၊ ဒါပေမဲ့ ကျီးညိုအပျိုဖြစ်လာရင် ဘယ်လူထဲသူထဲမှ မသွားရပါဘူး၊ ညည်း မွေးထားတာ မိန်းကလေးနော် ဝါနု၊ အိမ်ထဲမှာပဲ နေရမယ် ကြားကဲ့လား"

အာဏာရိပ်ပါသော ဘွားဘွား၏ လေသံမာမာကြောင့် စိမ့်တစ်ကိုယ်လုံး တုန်တက်သွားသည်။ အမေကမူ မည်သည့် စကားသံမျှ ထပ်မဆိုတော့ချေ။

အမေသည် သူ အကြိုက်ဆုံး ဖြစ်သော်လည်း သူ့ခန္ဓာကိုယ်ထက် ပွရောင်းနေသော ရှုံသားအဝါရောင် အင်္ကျီကို ဝတ်ဆင်ထားသည်။ အမေ့

mgyoe.com

ခန္ဓာကိုယ် သေးသေးကွေးကွေးကလေးသည် အဟုန်ပြင်းပြင်း တိုးတိုက်နေသော လေကို အန်တုနေရသည်။ အမေ၏ ရှုံသားအင်္ကျီလက်အနားမှာ လေထဲတွင် တဖျပ်ဖျပ် လွင့်နေလေသည်။

အမေသည် ပုတိုတိုနှင့် လူကောင်သေးသူ ဖြစ်သည်။ သို့သော် အခု စိမ့် မြင်နေရသည့် အမေသည် နှုတ်ခမ်းသားတွေ သွေ့ခြောက် ကွဲအက်နေပြီး ပိန်လိမ်ညှိုးရော်နေကာ မျက်ဝှင်းဟောက်ပက်ကျနေသော အမေ မဟုတ်တော့။

စိမ့် ငယ်ငယ်က ကျောင်း ပထမဆုံး တက်ရသည့် နေ့တွင် စိမ့်ကို ကျောင်းလိုက်ပို့ကာ စကြာလေး ပေးခဲ့စဉ်တုန်းကလို ပြည့်ပြည့်ဖြိုးဖြိုးနှင့် အမေ ဖြစ်သည်။ တစ်တစ်ရစ်ရစ် တင်းတင်းရင်းရင်းအမေ ဖြစ်သည်။ လုံးလုံးကျစ်ကျစ်အမေ ဖြစ်သည်။ ညှိညှိစိုစိုအမေ ဖြစ်သည်။ တည်တည်ငြိမ်ငြိမ် အမေ ဖြစ်သည်။ အဝါရောင်အင်္ကျီနှင့် လင်းဝင်းနေသော အမေ ဖြစ်သည်။

"အမေ၊ ဒီအင်္ကျီက အမေ့အသုဘ ချတဲ့နေ့တုန်းက အမေ့ကို ကျွန်မ ဝတ်ပေးလိုက်တဲ့ အင်္ကျီ မဟုတ်ဘူးလားဟင်"

လေတိုက်သံကြောင့် အမေ မကြားခြင်းပေလော၊ သို့တည်းမဟုတ် စိမ့်ကို ပေယျာလကန်ပြု၍ မကြားချင်ယောင်ဆောင်ခြင်းပေလော ခွဲခြား မသိနိုင်ပေ။ အမေ့ တုံ့ပြန်သံ တစ်စွန်းတစ်စပင် ပြန်မလာခဲ့ပါ။

"ကျွန်မ... အမေ့ကို သေသွားပြီ မှတ်နေတာ၊ အမေ တကယ် မသေဘူးလားဟင်"

ဝမ်းနည်းစိတ်ကြောင့် စိမ့်၏ နှုတ်ခမ်းများ တုန်ယင်နေသည်။ ရှိုက်သံရောပြွမ်းလျက်က အမေ့ကို မည်မျှလွမ်းဆွတ်ကြောင်း ပြောပြနိုင်အောင် စိမ့် ကြိုးစားပါသည်။

သည်တစ်ခါတော့ အသံသဲ့သဲ့မျှပင် မထွက်နိုင်။ လည်မျိုဝတွင် မာခဲသော အစိုင်အခဲကြီးက ပိတ်ဆို့ကာ မီးစနှင့် ထိုးနေသကဲ့သို့ စူးစူးခါးခါး ဖြစ်နေရသည်။

သို့နှင့် အမေ့အနားသို့ တိုးကပ်သွားသည်။

သို့သော် ရေစီးကြောင့် ဖောင်ပြင်သည် တလိမ့်လိမ့်ဖြစ်လာပြီး ဖောင်ပြင်၏ အကျယ်သည်လည်း ဆပွားလာသလိုလို ထင်မိသည်။ အမေနှင့် စိမ့်အကြားက အကွာအဝေးသည် ပို၍ ကျယ်ပြောလာလေသည်။ စိမ့်က

mgyoe.com

SAMPLE BOOK

တိုးကပ်လေ အမေနှင့် ပိုဝေးသွားလေသာ။

"အရူးမ ကျီးညို ရူးတုန်းပဲ၊ ညည်းအမေက သေသွားပြီဟဲ့၊ သေသွားပြီ သိရဲ့လား"

ခပ်လှမ်းလှမ်းက အသံနက်ကြီးနှင့် လှမ်းအော်လိုက်သော အဘွား၏ အသံသည် မုန်တိုင်း တော်လည်းသံထက် ကြောက်စရာ ကောင်းလှသည်။ ဟိန်းခနဲ ထစ်ချုန်းသွားသလိုလို။

ထိုစဉ် လှိုင်းလုံးအကြီးတစ်လုံး ဆွဲမွေ့လိုက်သည်တွင် ရွာကို ပြန်မြင်ရလေသည်။

အမှောင်ထုကိုသာ မြင်နေရသော်လည်း ထိုနေရာက ရွာပဲဟု အတပ် သိနှင့်သည်။ အမေရှိလျှင် အမေနှင့်အတူ ရွာကို ပြန်မည်ဟု စဉ်းစားလိုက်တော့ အနားရောက်တော့မှ ထိုနေရာသည် ရန်ကုန် ဖြစ်နေသည်ကို တွေ့ရသည်။

အမေဟာ တကယ်ပဲ သေသွားပြီလား။

ဇဝေဇဝါ ဖြစ်ရပြန်လေသည်။ သေသွားလို့သာ ဘွားဘွားခေါ်ဆောင်ရာ ရန်ကုန်ကို ပါလာတာလေ၊ ဟုတ်တယ်မို့လား စိမ့်။ နင် အိပ်မက်မက်နေတာ။ အပြင်မှာ နင့်အမေ သေသွားလို့ ဘွားဘွားနဲ့အတူ ရန်ကုန် ပြန်ရောက်လာတာ။

အိပ်မက်ထဲတွင် စိမ့်က နှစ်ကိုယ်ကွဲနေသည်။ စိမ့်က စိမ့်ကို ပြန်ဖျောင်းဖျနေ၏။

ထိုစဉ် ဖောင်သည် ရေတံခွန်ကြီးအနားသို့ ရောက်သွားပြီး အသူတစ်ရာ ချောက်နက်ထဲသို့ အရှိန်နှင့် ပြုတ်ကျသွားလေတော့သည်။

ရေထုကြားတွင် ဖောင်သည် တလိမ့်ခေါက်ကွေး ကျလာသည်။ အမြင့်မှ ခွန်နှင့်အားနှင့် လိမ့်ဆင်းနေသော ရေတို့သည် ဖွားခနဲ လွင့်စဉ် ကျန်ရစ်သည်။ မြင်ကွင်းသည် ရိပ်ခနဲ ရိပ်ခနဲ။ စိမ့်သည်လည်း လှိုက်ခနဲ လှိုက်ခနဲ။

ကူကယ်ရာမဲ့ ဖြစ်သွားပြီး အဆုံးသို့ မရောက်မီမှာပင် အနားက လက်ကို ယောင်ယမ်းပြီး ဆွဲကိုင်လိုက်မိလေသည်။

✦ ✦ ✦

လင်းသာသည် သူ့လက်ဖမိုးကို လာဆုပ်သော လက်တစ်ဖက်ကို အသာအယာ ပြန်လည် ဆုပ်နယ်ပေးသည်။

mgyoe.com

mgyoe.com

ထိုစဉ် လေယာဉ်ပေါ်က သတိပေးသံကို ကြားရသည်။ ရာသီဥတု အခြေအနေကြောင့် မိမိတို့ ထိုင်ခုံနေရာမှာသာ ထိုင်ပြီး ထိုင်ခုံခါးပတ်များ ပတ်ထားကြပါရန် သတိပေးသံ ဖြစ်သည်။

အပြင်ဘက်တွင် မဟူရာထု အုံ့မှိုင်းနေသည်။ ပြိုးပြက်ဝင်းလက်သော လျှပ်စီးကြောင်းကို မကြာခဏ တွေ့ရသည်။ ထိုင်ခုံရှေ့က ဖန်သားပြင်တွင်မူ ပြင်ပအပူချိန်ကို အနုတ် ၄၂ ဒီဂရီ စင်တီဂရိတ်ဟု ပြထားသည်။ လမ်းကြောင်းပြမြေပုံအရ အရှေ့အလယ်ပိုင်းကို ဖြတ်သန်းနေသည့် အချိန် ဖြစ်သည်။ အဆုံး၊ အစ မမြင်နိုင်သော အာကာပြင်ဝယ် ဝေဟင်ကိုခွင်းမည့် လွန်းပြန့်ငယ်သည် ဦးတည်ရာသို့ မမိုတ်မသုန် ပျံသန်းနေလေသည်။ အစိုးမရသော ဥတုရာသီကြောင့်သာ ပျံသန်းခိုက်တွင် အတန်ငယ် ခါယမ်း၏။

လင်းသာက စိမ့်ကို ကျော်လွန်ပြီး စိမ့်နံဘေးတွင် ရှိသည့် ပြတင်းတံခါး ကို ဆွဲချလိုက်သည်။

မကြာသေးခင်က ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ လေးသောင်း ကျော်တွင် ပျံသန်းနေရင်းက ရုတ်တရက် ပြုတ်ကျသလို ဖြစ်သွားသောကြောင့် အိပ်မောကျနေသော လူတော်တော်များများလည်း လန့်နိုးလာကြသည်။

စိမ့်သည်လည်း အိပ်မက်ကနေ နိုးလာခဲ့ပြီ။ နိုးလာမှ အစောက အဖြစ်အပျက်သည် အိပ်မက်ဖြစ်ကြောင်း ပို၍ ခိုင်မာသွားသည်။ သည်တော့မှ ရေမွန်းပြီး ကုန်းပေါ် ပြန်လည် ရောက်ရှိလာရသကဲ့သို့ အသက်ဝဝ ရှုနိုင် တော့သည်။

သို့သော် သူ ဆွဲဆုပ်ယူခဲ့သော လက်မှာ လင်းသာ၏လက်ဖြစ်ကြောင်း သိသည်နှင့် သူကိုယ်သူ အသံတိတ် ကျိန်ဆဲမိသည်။ တစ်ဖက်ကလည်း ထွေးထွေးပွေ့ပွေ့ နှစ်သိမ့်ဆုပ်ကိုင်ထားသဖြင့် စိမ့်မှာ မရုန်းသာပြန်။ မရုန်းလည်း မရုန်းထိုက်၊ ဘယ်တုန်းကမှလည်း စိမ့် မရုန်းခဲ့၊ ရုန်းရန်လည်း သတ္တိ မရှိခဲ့။

စိမ့်ဟာ နစ်မွန်းရင်းဖြင့်သာ အသေခံမည့်သူ ဖြစ်သည်။

သည်လို ဖြည့်ဆည်းပေးခြင်းမျိုးကို မြင့်မြတ်သော တရားအဖြစ် ဘွားဘွားက သွန်သင်ခဲ့သည်။ ပြီးတော့ လင်းသာနှင့် စိမ့် ဆိုတာက ယောကျ်ား နှင့် မိန်းမ၊ လင်နှင့်မယား၊ ခင်ပွန်းနှင့် ဇနီး။ ဒါက အများက အသိအမှတ်ပြုထားသည့် ယဉ်ကျေးသော ဝေါဟာရများ ဖြစ်သည်။

mgyoe.com

စကားလုံးများ မည်မျှပင် ကွဲပြားပါစေ အရှင်းဆုံး အနက်ပြန်ရလျှင် စိမ့် မနှစ်လိုသော 'တရားဝင် အတူယှဉ်တွဲ အိပ်ရာဝင်ခွင့်ရသော စုံတွဲ' ဟူ၍သာ အဓိပ္ပာယ်ထွက်ပါသည်။ ထနောင်းဖြစ်ဖြစ်၊ ရှားဖြစ်ဖြစ် သွေ့ခြောက်ဆူးရင့် ရှိကြသည်ချည်းသာ။

မပျော်လှ။

ယမုန်ကတော့ ကိုယ်စိတ်ပျော်တာ ကိုယ်လုပ်ဖို့ ပြောလိုက်သည်။

မတူညီတာက ယမုန်သည် ပညာတတ်တစ်ဦး၊ အသိုင်းအဝိုင်း တောင့်တင်းသူ တစ်ဦး၊ သူ့ထံတွင် သူ့ကြမ္မာကို သူ ဖန်တီးနိုင်သည့်အစွမ်းအစ ရှိနှင့်ပြီး ဖြစ်သည်။ ကိုယ်လုပ်ချင်တာကို လုပ်လိုက်၍ မပြောကောင်း မဆိုကောင်း ခြေချော်လက်ချော် ဖြစ်ခဲ့သည်ထားဦး၊ သူ့ကို ဆီးပွေ့မည့်သူများ ရှိသည်၊ အပြစ်အနာအဆာကို အသိုင်းအဝိုင်းအရှိန်ဖြင့် ဖေးမ ဖော့တွေးမည့် သူများ ရှိသည်။ စိမ့်မှာတော့ သည်လို မဟုတ်။

သည်ဥရောပခရီးကို လာမည်ဆိုတော့ ဘဘကြီးက စိမ့်ကို အပြစ်တင်သေးသည်။

စိမ့်ကို မေတ္တာပြတတ်သော စကားမျိုး မဆိုတတ်သော်လည်း အပြစ်တင်သည့် စကားကိုတော့ဖြင့် ဘဘကြီး ပြောထွက်နိုင်ခဲ့သည်။ စိမ့်ကို စကားပြောခဲ့လှသော ဘဘကြီးအနေနှင့် အရေးတယူ အပြစ်တင်တာကိုပင် စိမ့်မှာ ဝမ်းသာရမလိုလို။ စိမ့်၏ တစ်ဖွဲ့ဘ်ထိုးဆုံးဖြတ်ချက်သည် အန်တီသီသီအတွက်မူ ထောက်ပြပြောစရာ အကွက်တစ်ကွက် ထပ်တိုးခဲ့သည်။

"ဒီကောင်မလေး ဘယ်တုန်းကမှ မလိမ္မာခဲ့ဘူး ပြောရင်လည်း သီသီက ပိုတယ်ဖြစ်ဦးမယ် ကိုကို၊ ကိုယ့်အဘွားရဲ့ အမွေအနှစ်ပဲ မဟုတ်လား၊ ဒါကို စုစုဆောင်းဆောင်းမရှိဘူးဆိုတော့ ဒီလောက်မိုက်တာ ရှိနိုင်ပါဦးမလား၊ ကျီးညိုဟာ သန္ဓေကိုက ဆိုးတာ"

'သန္ဓေဆိုးတယ်' ဟုဆိုသော၊ 'ဗီဇညံ့တယ်' ဟု ဆိုသော စကားကို အသည်းပေါက်မတတ် နာကျင်မိသည်။

သည်အပြောသည် အမေ့ကို ရည်ရွယ်ထိုးနှက်ကြောင်း စိမ့် သဘောပေါက်သည်။ ဆုံးပါးခဲ့သည်မှာ ဆယ်စုနှစ်တစ်စုကျော်မက ကြာပြီ ဖြစ်သော၊ သူနှင့်လည်း မည်သို့မျှ ယှဉ်နိုင်စွမ်း မရှိသော ကျေးတောသူ တစ်ယောက်အပေါ် အန်တီသီသီဟာ အဘယ်ကြောင့် ယခုအချိန်အထိ မကျေနိုင်

mgyee.com

mgyoe.com

SAMPLE BOOK


မချမ်းနိုင် ဖြစ်နေရသနည်း။ အဖြေ မရနိုင်လေ 'အမေ ကံဆိုးလှချည့်' ဟူ၍သာ တွေးမိတော့သည်။

ဘဘကြီးနှင့် အန်တီသီသီတို့ မိသားစုမှာဆိုလျှင် ဘွားဘွားတစ်ဦးသာလျှင် စိမ့်အပေါ် အနည်းငယ်မျှ ဖေးမစာနာနိုင်လေသည်။ ထို့ကြောင့်သာလျှင် ဘွားဘွားသည် သူပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာ ခံစားခွင့် စိမ့်ကို ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ဘွားဘွားက စိမ့်အတွက် မြေကွက်တစ်ကွက် ထားပေးခဲ့သည်ဟု အန်တီသီသီတို့ ဖုန်းဆက်ပြောတုန်းက ကိုယ့်နားကိုယ်ပင် မယုံချင်။ ဘွားဘွားဆုံးပါးသွားခဲ့သည်မှာလည်း ကြာချေပြီ။ ပြီးတော့ ဘွားဘွား၏ ပစ္စည်းဥစ္စာအကြောင်း သည်လို တကူးတက အသိပေးသည်ဆိုတော့ ထူးဆန်းလွန်းလှသဖြင့် အနောက်အရပ်က နေထွက်တော့မည်လားတောင် အောက်မေ့မိသည်။ အမှန်ကသည်မျှ မရိုးရှင်းလှချေ။

'မင်း အဘွားက မင်းအတွက် မြေကွက်တစ်ကွက် ထားသွားတယ်၊ တစ်လောက မင်းလည်း ကလေးပျက်ကျထားတယ်ဆိုတော့ ကျန်းမာရေးအသုံးစရိတ်လိုမှာပဲလို့ ကိုသိန်းထိုက်က ပြောတယ်လေ၊ မြေကွက်ချည်းပဲဆိုရင် ငွေပေါ်ဖို့လည်း စောင့်ရဦးမယ်၊ မင်းတို့လည်း လုပ်တတ်ကိုင်တတ်တာ မဟုတ်ဘူး၊ အဲဒါကြောင့် အန်တီသီသီကပဲ ထိုက်သင့်တဲ့အတိုင်း ပေးတာပါ'

အန်တီသီသီဟာ စကားပြောရာတွင် အင်မတန် ကျွမ်းကျင်ပါးနပ်သည်။ ထိုသို့ သူ့ဘက်ပါအောင် အမြဲဆွဲယူပြောတတ်သူ ဖြစ်သည်။ ထိုပညာမျိုး စိမ့် မတတ်မြောက်ပါ။ သင်ယူ၍လည်း မတတ်မြောက်နိုင်ပါ။

မလိမ့်တပတ် လူလည်အကျချံရသည်ဟု စိမ့်၏ မဖြစ်ညစ်ကျယ် ဉာဏ်တစ်ထွာတစ်မိုက်နှင့် ရိပ်မိ သိရှိနေတာတောင် မည်သို့မျှ ပြန်မပြောနိုင်အောင် အန်တီသီသီ ပြောတတ်ဆိုတတ်ပါပေသည်။ သူ့ကိုပင် ကျေးဇူးတင်ရဦးမည့် အချိုး။

မည်သို့ဆိုစေ စိမ့်အတွက် စဉ်းစားပေးခဲ့သည့် ဘဘကြီး၏ ကြံ့ခေါင့်ကြံ့ခဲ စေတနာအတွက် ဝမ်းမြောက်လှပါသည်။ ဘဘကြီး၏ ဖေးမမှုသည် သေးသေးလေးပင် ဖြစ်ပါစေဦးတော့၊ ထို့အတွက် စိမ့် ကျေနပ်သည်။ ဘဘကြီးဟာ စိမ့်အတွက် သည်ကမ္ဘာလောကမှာ သက်ရှိထင်ရှားကျန်ရစ်ခဲ့သည့် တစ်ဦးတည်းသော သွေးရင်းသားရင်း ပုဂ္ဂိုလ် မဟုတ်လား။

mgyoe.com

mgyoe.com SAMPLE BOOK

စိမ့်ခန္ဓာကိုယ်ထဲတွင် လည်ပတ်နေသော သွေးများကြောင့် လည်းကောင်း၊ သို့မဟုတ် ဤသို့သော ဖြတ်ခြည်းမျှသာ မြင်ရသည့် ရှားရှားပါးပါး စေတနာတို့ကြောင့်သာလည်းကောင်း ဘဘကြီးနှင့် စိမ့် ဆက်စပ်ဆက်ဆံစရာ ရှိပါသည်။ ထို့ထက်တော့ ပိုစရာ မရှိ။ သူသည်လည်း သူ့လောကနှင့်သူ၊ စိမ့်သည်လည်း စိမ့်ကမ္ဘာနှင့် စိမ့်။

သို့သော် ဘဘကြီးကို အားမရသမျှ၊ အန်တီသီသီကို မကျေနပ်သမျှ၊ အမေ့ကို စိတ်ပျက်သမျှ၊ မြေးဦးဖြစ်သည့် နဒီကို ဆိုဆုံးမ မရသမျှ အလိုမကျမှုအားလုံးကို ဘွားဘွားသည် စိမ့်အပေါ် သွန်ချခဲ့သည်။ သူ လိုသလို ပုံသွင်းခဲ့သည်။ ဒါကတော့ တစ်ဆိတ် ရက်စက်လွန်းသည်ဟု ထင်ပါသည်။

စိမ့်သည် ယမုန်လို ဘဝတစ်ခုလုံးနှင့် သက်ဆိုင်သည့် အရေးကိစ္စတွင် ကိုယ့်ဆန္ဒကို လိုက်လျောပြီး ဆုံးဖြတ်ချက်ချရဲလောက်သည်အထိ သတ္တိ မရှိသေးပါ။

သို့သော် အမွေရသည့် ပိုက်ဆံကိုတော့ ဉရောပခရီးအတွက် သုံးလိုက်ရသည်ကို မည်သည့် အခါမျှ နောင်တရလိမ့်မည် မဟုတ်။ လင်းသာကလည်း ဘာလင်တွင် ပန်းချီပြပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲရှိသည့် အခိုက်တွင် စိမ့်ကလည်း အရှေ့ဂျာမနီက ဒရက်စဒင်မြို့တွင် နေထိုင်သော ဘွားဘွား၏မိတ်ဆွေ အဘိုးဦးစံမြတ် အားကိုးဖြင့် တစ်ခါမျှ မရောက်ဖူးသော အနောက်ကမ္ဘာကို ခြေဆန့်ခဲ့ခြင်း ဖြစ်သည်။

အန်တီသီသီတို့၏ လေသံနှင့် ပြောရလျှင်တော့ ချင်းတွင်းသူ တောကျိုးကန်း၏ မထော်မနန်း စိတ်ကူးပေါ့လေ။ စိမ့်အတွက်တော့ ခမ်းနားသည့် နိဗ္ဗာန်ဘုံအတုကို အရဲစွန့် တည်ဆောက်ရခြင်း ဖြစ်သည်။

စိမ့်ဘဝမှာ ဘကြီးကိုမှ အထူးတလည် မက်စရာ မရှိတော့သည်မှာ ကြာ ကြာလှချေပြီ။ အိပ်မက်သည်ပင် လမ်းဆုံးခဲ့ပြီး ဖြစ်သည်။ ဘဝ၏ အမှောင်အစွန်းကို တိုးဝင်ရမည်ဆိုလျှင်တောင် စိတ်ကို ဖော့ထားလိုက်ချင်၏။ သည့်အတွက် ရှိသည့် ပိုက်ဆံကို စုဆောင်း၏၊ မစုဆောင်း၏ ဆိုသည်မှာ အရေးပါလှသည် မဟုတ်တော့ချေ။ စိမ့်၏ ငွေရေးကြေးရေးနှင့် ပတ်သက်လျှင် တစ်စွန်းတစ်စမျှ လင်းသာက ဝင်ရောက်စွက်ဖက်မှု မရှိသည့်အတွက်တော့ စိတ်သက်သာရာ ရပါသည်။

mgyoe.com

mgyoe.com

SAMPLE BOOK


လင်းသာဆိုသည့် လူသားကလည်း သူ့ပန်းချီကားကလွဲပြီး လောကတွင် ဘာကိုမျှ စိတ်ဝင်စားသည် မဟုတ်၊ သူ့ခန္ဓာတွင် ဓာတ်ကြီးလေးပါး သမမျှတဖို့အတွက် ဖြစ်ဖြစ်၊ သို့မဟုတ် မောဟနှင့် ရာဂဖိစီးချိန်မျိုးမှာဖြစ်ဖြစ် စိမ့်ကို အလိုရှိကောင်း ရှိနိုင်သည်ဟု တစ်ခါတစ်ရံ ပျစ်ပျစ်နစ်နစ် နာနာကြည်းကြည်း တွေးမိသည်။

နာကျင်မှုသည် ခိုင်ခံ့စွာ အမြစ်စွဲနေပြီး ဖြစ်သည်။

စိမ့်လက်ကို သည်လို စိတ်လိုလက်ရ နွေးထွေးစွာ ဆုပ်ကိုင်လျှင်တောင် တင်းကျပ်စွာ ထိန်းချုပ်ထားသည်ဟု ခံစားမိသည်။

မလိုချင်၊ မကြိုက်။

သို့နှင့် အသိစိတ်တို့ ကင်းလွတ်သွားလျှင် ချုံးနှိမ်သိုဝှက်ထားသော အဆိပ်ရည်တို့သည် အပ်တစ်ထောက်စာ သေးငယ်သောအပေါက်ပင် ဖြစ်လင့်ကစား ထိုအကြိုအကြားမှနေ၍ အပြင်သို့ တစိမ့်စိမ့် ယိုဆင်းကျလေသည်။

တစ်နေ့က ယမုန့်ဆီကို ရောက်တုန်းကလည်း ထိုဝေဒနာသည် တားဆီးထိန်းကွပ်နိုင်စွမ်း မရှိဘဲ အန်ကျခဲ့ပြန်သေးသည်။

ထိုနေ့က ယမုန်တို့အိမ်ကနေ ထွက်တော့ ရပ်ကွက်ထဲက ဆူညံနေသော ခွေးတစ်အုပ်ကို အုတ်ခဲကျိုးနှင့် ဒေါသတကြီး ထုမိခဲ့သည်။ မည်မျှအထိ စိတ်လွတ်သွားသည်မသိ၊ ယမုန်က စိမ့်လက်တွေကို ထိန်းချုပ်၍ ပခုံးနှစ်ဖက်ကို ခပ်ပြင်းပြင်း ဆွဲခါလိုက်တော့မှ အသိစိတ် ပြန်ကပ်သည်။

ကစဉ့်ကလျား ထွက်ပြေးသွားသော ခွေးတချို့သည် ခပ်လှမ်းလှမ်းကနေ မာန်ဖီနေကြသည်။ ခွေးတစ်ကောင်ကတော့ အတော်လေး ထိသွားပုံရသည်။ ခြေထော့ကျိုးနှင့် ထိုးဟောင်သည်။

''ဘယ်လို ဖြစ်တာလဲ စိမ့်ရယ်၊ ဘယ်လို ဖြစ်သွားရတာလဲ''

ဒေါသအရှိန် မပြေသေးသော စိမ့်က–

''အစောကတည်းက ခွေးဟောင်သံတွေ အစ်မလည်း ကြားမှာပဲ၊ အဲဒါ ဟောဟိုက ခွေးမကို ကျန်တဲ့ အထီးတစ်အုပ်ဟာ သူတို့ဆန္ဒအတွက် ဝိုင်းကိုက်နေကြတာ အစ်မရဲ့၊ သူတို့အချင်းချင်းလည်း ကိုက်ကြရဲ့၊ တစ်ကောင်တည်း ဖြစ်နေတဲ့ ခွေးမကိုလည်း ကိုက်ကြရဲ့၊ ဒါဟာ အုပ်စုဖွဲ့ပြီး မုဒိမ်းကျင့်တာ၊ မုဒိမ်းကျင့်တာ အစ်မ သိလား၊ မုဒိမ်းကျင့်ကြတာ''

ထန်လှသော လေသံနှင့် ပြောနေသော်လည်း စိမ့်သည် ငိုချလိုက်တော့

mgyoe.com

SAMPLE BOOK


မယောင် သူ့မျက်ဝန်းများ စိုစွတ်နေသည်။ ဒေါသကြောင့် သူ့ရင်မှာ အနိမ့်အမြင့် မြန်ဆန်လွန်းနေသေးသည်။ ယမုန်သည် မည်သို့ နှစ်သိမ့်ရမည် မသိဘဲ ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေခဲ့သည်။

ထို့နောက် စိမ့်သည် ဘာကိုမျှ မသိတော့။ အမြင်တွေ မှောင်ကျသွားသည်။ သတိရတော့ ယမုန့်အိပ်ခန်းထဲကို ပြန်ရောက်နေသည်။

ခွေးကို ခဲနှင့် ထုသည့် အဆိုပါဖြစ်ရပ်မျိုးကို အသိစိတ်ကင်းလွတ်ပြီး လုပ်ခဲ့သည်ဟု ဆိုချင်ဆို၊ ထိုသို့သော လုပ်ရပ်အတွက် စိမ့်ကိုယ်စိမ့် ကျေနပ်လှသည်။ ရှေ့လျှောက် စိမ့်သည် သူ့ဘဝကို သူကိုယ်တိုင် အစိုးရအောင် ကြိုးစားမည်ဟု အားတင်းကြည့်သည်။ မည်မျှ လွယ်ကူပြီး၊ မည်မျှခက်ခဲဦးမည် မသိပါ။

ဥရောပ တစ်လခရီးကနေ ပြန်လာလျှင်တော့ ပုံမှန်ကမ္ဘာဟောင်း အတွင်းတွင် ပြန်လည်ကျက်စားရပေဦးမည်။ ပန်းချီဆရာလင်းသာ၏ ဇနီးအဖြစ် ပျင်းရိဖွယ်ကောင်းသော၊ တစ်နည်း လှောင်ပိတ်နေသော၊ တစ်နည်း ကြမ်းရှသော ဘဝကို ဖြတ်သန်းရဦးမည်။ စိမ့်၏ ခံနိုင်ရည်အား မည်မျှ ကျန်သေးသနည်း။ စိမ့်ကိုယ်တိုင် မသိချေ။ နောင်ခါလာ နောင်ခါချေး ဖြစ်ပေလိမ့်မည်။

လောလောဆယ်က စိမ့် ပျော်အောင် နေရမည်။ ယမုန်ကလည်း ပျော်ရွှင်သော ခရီးဖြစ်ပါစေဟု ဆုတောင်းပေးသွားသည်။ စိမ့် ပျော်မှာပါလေ။

ပျော်အောင်နေမည့်အကြောင်း တွေးရင်း စိမ့်သည် ငိုက်မျဉ်းရာမှ တဖြည်းဖြည်း အိပ်ပျော်သွားသည်။ လေယာဉ်သည် ပရာ့ဂ်လေဆိပ်သို့ ဆင်းသက်တော့မည်ဖြစ်ကြောင်း ကြေညာသည့် အသံကြားတော့မှ နိုးတော့၏။

✿

mgyoe.com

mgyoe.com SAMPLE BOOK

(၄)

လေဆိပ်အပြင်ဘက်သို့ ထွက်လျှင် ထွက်လိုက်ချင်း ညှံ့သက်သော လေနုအေးသည် မျက်နှာပေါ်သို့ ဖွဖွမွမွ ဖြတ်လျှောက်သွားလေသည်။

လင်းသာသည် စိမ့်၏ လက်တစ်ဖက်ကို သူ့ချိုင်းအောက်တွင် ညပ်ထားပြီး မြေပုံပေါ်တွင် သူတို့တည်းရမည့်နေရာသို့ သွားရန် လမ်းကြောင်း ရှာသည်။ လင်းသာက စူးစိုက်နေသလောက် စိမ့်ကတော့ ခပ်အေးအေး ခပ်လေးလေးပင်။ အိပ်ချင်စိတ်လည်း မပြယ်သေး။

လေယာဉ်ကူးပြောင်းချိန်ရော၊ စီးချိန်ရော အပါအဝင် ၁၈ နာရီမျှ ကြာသော ခရီးလမ်းကြောင့် ငြီးစီစီ ဖြစ်နေသည်။ မရောက်ဖူးသည့် ဒေသကို ရောက်ပြီး ကမ္ဘာတစ်ခြမ်းက မြေပေါ်သို့ ခြေချရခြင်းအတွက် အထူးတလည် ရင်ခုန်မှုမရှိ၊ ပျော်ရွှင်လှုပ်ခတ်မှုမရှိသည်ကို တွေ့ရတော့ သူ့ကိုယ်သူ စိတ်ပျက်စ ပြုသည်။ စိတ်အပြောင်းအလဲ ဖြစ်အောင် အရောက်လာသည့် သည်ခရီး၏ ည်ရွယ်ချက်သည် ဝေဂါးတော့မယောင်။

လင်းသာကို ဦးဆောင်စေသော ခရီးဖြစ်သဖြင့် စိမ့်က ဘာတစ်ခွန်းမျှ ဝင်မပါ။ ဝင်ပါရလောက်အောင်လည်း နားလည်သူ မဟုတ်။ လင်းသာ ထိုင်လျှင် လိုက်ထိုင်ရုံ၊ ရပ်လျှင် လိုက်ရပ်ရုံသာ။

အရပ်ရှည်ရှည် လူကိုင်းကိုင်း လင်းသာသည် ပိန်ညှပ်ပုသေးသော စိမ့်နှင့် ယှဉ်တွဲရပ်လျှင် မသိသူအဖို့ သားအဖဟု ထင်စရာရှိသည်။ အသက်က

mgyoe.com

mgyoe.com

SAMPLE BOOK


လည်း ထက်ဝက်မျှကွာသည်ကိုး။ ဦးခေါင်းအထက်က ကျိုးတိုးကျဲတဲ ငွေမင်ရောင် အမျှင်တို့ကလည်း လင်းသာကို ပို၍ အိုစာစေသည်။

"မြို့ထဲကို တိုက်ရိုက်ရောက်အောင် Airport Express Bus စီးလို့ရတယ်တဲ့၊ လက်မှတ်က ဘယ်လို ဝယ်ရမလဲမသိဘူး၊ မင်း ဒီမှာ ခဏ နေခဲ့မလား၊ ပိုက်ဆံသွားလဲပြီး လက်မှတ် ဘယ်လို ဝယ်ရမလဲ စုံစမ်းခဲ့မယ်"

"ဟုတ် အစ်ကိုကြီး"

လင်းသာ ထွက်သွားတော့မှ လေထုထဲတွင် ဝေ့လွင့်နေသော ဆောင်းဦး၏ မွှေးမြသန့်စင်သည့် ရနံ့ကို ရီးတိုးရိပ်တိပ်လေး စတင် ခံစားမိသည်။ မှုန်ဝါးဝါး ကြေးမုံပြင်သည် ရှင်း၍ ကြည်လာ၏။ တင်းကျပ်စွာ ချုပ်ကိုင်ထား သော လက်တစ်ဖက်ကို ဖြေလျှော့ လွှတ်ချပေးလိုက်ရုံမျှဖြင့် စိမ့်၏ ရာသီဥတု သည် သာသာယာယာ ဖြစ်လာလေသည်။

နေပွင့်ကို မမြင်ရသော်လည်း အနုအရင့် အဖျော့အမှိန် အရဲအတောက် ကို ကောင်းကောင်း ခံစားနိုင်သည့် လုံလောက်သော ဖလင်းရောင်သည် မျက်မှောက်သတ္တလောကကို လွှမ်းခြုံထားသည်။

အစိမ်းကို မြင်ရသည်။ အစိမ်းကြားက နီညိုပြောက်တို့ကို မှိတ်တုတ်တုတ် တွေ့ရသည်။ သိပ်သည်းသော အဖြူပြင်အောက်တွင် လိမ္မော် အသွေးတို့သည်လည်း ဟိုတစ်စ သည်တစ်စ လွင့်နေ၏။

ထိုအခိုက် လေဆိပ်ဆိုက်ရောက်အပေါက်ရှေ့က ဖြတ်သွားသည့် အဝါရောင်တက္ကစီတွေကို မြင်တော့ အဝါရောင်စကြာလေးကို သတိရမိ သွားပြန်သည်။

ယမုန့်အိမ်က ပြန်လာတော့ အဝါရောင်စကြာတစ်ခု လက်ဆောင် တောင်းယူလာခဲ့သည်။ အစကတော့ သည်ခရီးမှာ သူ့ကို သယ်လာခဲ့ဖို့ပါပဲ။ စကြာလေးသည် စိမ့်အတွက် စကြာ ဟူသော အဓိပ္ပာယ်ထက် ပိုသည်။ မျှော်လင့်ချက် ဖြစ်သည်။ မေတ္တာတရား ဖြစ်သည်။ နွေးထွေးမှု ဖြစ်သည်။ ပြီးတော့ အမေ့ကိုယ်ပွားလည်း ဖြစ်သည်။ သို့သော် ခရီးဝေးတွင် သူ ကျိုးကြေသွားမည် စိုးသဖြင့် အိမ်မှာပင် ထားရစ်ခဲ့ရသည်။

ရေသစ်၊ မြေသစ်၊ လေသစ်၊ အတွေ့အကြုံအသစ်ဖြစ်မည့် ခရီးတွင် အဖော်တစ်ဦး ပါသင့်သည်ကတော့ အမှန်။ တိုင်တည်ပြောစရာ ဇကြာလေး မပါခြင်းကြောင့် ဟာတာတာ ဖြစ်ရသည်။ နှလုံးသားချင်း အစေးမကပ်သော

mgyoe.com

mgyoe.com SAMPLE BOOK

လင်းသာကိုတော့ ထည့်မတွက်လို။ သည်ခရီးတွင် စိမ့်၏ လက်ကို မလွှတ်တမ်း ဆုပ်ကိုင်ထားသည် ဆိုတာမျိုးကလည်း ကြင်နာခြင်းထက် သူ့တာဝန်မကင်းခြင်း ကြောင့်သာ ဖြစ်ပေလိမ့်မည်။ ပြီးလျှင် သူက စိမ့်ကို ဒရက်စဒင်မှာ ထားခဲ့ပြီးလျှင် ဘာလင်သို့ ခရီးဆက်မည့်သူ ဖြစ်သည်။

လေဆိပ်မှ မြို့ထဲသို့ လာရာ လမ်းတစ်လျှောက်တွင် မြကမ္ဘလာ ခင်းသဖွယ် ပြန့်ပြူးစိမ်းစိုသော မြက်ခင်းပြင်နှင့် မြင့်မား၍ ခိုင်ခံ့သော ထီးထီးမတ်မတ် အပင်တန်းကြီးက စိမ့်၏ ဘဝင်ကို ညှို့၏။ တစ်ခါတစ်ရံ မြက်ခင်းစားကျက်ပေါ်တွင် အစာစားနေသော သိုးအုပ်ကို လှမ်းတွေ့ရသည်။ တစ်ရံတလေမတော့ ခပ်လှမ်းလှမ်း တောအုပ်ဆီက သစ်လုံးအိမ်လေးကိုပဲ ဖြစ်ဖြစ်၊ ယာတောထဲက မီးခိုးခေါင်းတိုင်နှင့် အိမ်သေးသေးကိုပဲဖြစ်ဖြစ် ရိပ်ခနဲ မြင်ရတတ်သည်။ ထိုအခါမျိုးဆိုလျှင် ကားပေါ်ကနေ ကဆုန်ပေါက်ဆင်းပြီး အိမ်ကလေးဆီသို့ အပြေးသွားလိုက်ချင်ပါသည်။ ထိုသို့သော အိမ်ကလေးမျိုး သည် စိမ့်အိပ်မက်ထဲက အိမ်ကလေးမျိုး ဖြစ်ချေသည်ကိုး။

ထိုမြင်ကွင်းသည် ချင်းတွင်းမြစ်ကမ်းဘေးက ဝေးလွင့်ကျန်ရစ်ခဲ့သော ရွာကိုလည်း ပြန်လည် လွမ်းတမိစေသည်။ တောတောင်ပတ်လည် ကာရံသော အိမ်ကလေးများနှင့် ရွာငယ်လေး ဟူသော ပုံသဏ္ဍာန်သည် ရေမြေသဘာဝ ကွာခြားသည့်တိုင် လွမ်းဖွယ်ကောင်းအောင် ညှို့ယူပုံချင်း တူကြလေသည်။

ကွာတာဆိုလို့ သည်မှာဘက်တွင် ထင်းရှူးတောနှင့် အခြားသော ပင်စည်ဖြောင့်တန်းသည့် အပင်ကြီးများက ဝန်းရံထားပြီး စိမ့်တို့ဆီမှာက အမြဲစိမ်းတောနှင့် ရွက်ပြတ်ရောနှောတောမို့ ကျွန်း၊ ကညင်၊ သရက်၊ ပိန္နဲ၊ ကနစိုတို့နှင့် သိပ်သိပ်သည်းသည်း အုပ်ဆိုင်းနေပါသည်။

ရွာကို လွမ်းလိုက်တာဟု ညည်းလျှင်လည်း စိမ့်၏ ညည်းချင်းကို နားထောင်မည့်သူ မရှိပါ။ လင်းသာသည် စိမ့် တဖွဲ့တနွဲ့ပြောပြနေသည်များကို ကြာရှည်နားထောင်တတ်သူမျိုး မဟုတ်၊ သူ ပြောချင်ရာကိုသာ ပြောတတ်သည့် သူမျိုး။ သူလိုရာကိုသာ တောင်စဉ်ရေမရ ပြောတတ်တိုင်းလည်း စိမ့်က မငြင်းပယ်တတ်။ သူ၏ အလိုက်မသိတတ်မှုကြောင့် စိမ့်၏ အကြည်ဓာတ်မှာ အခါခါခန်းခြောက်ရလေသည်။

သည်ဝန်းကျင်ကို မြင်တော့လည်း သူ့ထံက ကြားနေကျ အရောင် သဘောတရားကို ကြားရပြန်သည်။ စိမ့်ကတော့ လင်းသာ၏ စကားလုံးတိုင်း

mgyoe.com

mgyoe.com SAMPLE BOOK


ကို အလွတ်ရနေရုံမျှမက စကားအဖြတ်အတောက်ကိုပါ စိတ်နှင့် ကျက်မှတ်နေနှင့်ပြီး ဖြစ်သည်။ သို့သော် မလွန်ဆန်ဝံ့ပြန်တော့ မကြားဖူးသေးသကဲ့သို့ ဟန်ဆောင် နားထောင်ရပြန်လေသည်။

'မင်း ခံစားတတ်ရင် မြင်ရလိမ့်မယ်၊ အရောင်နဲ့ ပတ်သက်ရင် အစိမ်း၊ အပြာ၊ ခရမ်းတို့ ဆိုတာက မျက်စိအေးစေတဲ့ အရောင်တွေ၊ ဒါပေမဲ့ အတွဲအစပ်မှာ ဆန့်ကျင်ဘက်အရောင်တွေ ဖြစ်တဲ့ အဝါ၊ အနီ၊ လိမ္မော်နဲ့ ရောလိုက်ရင် ရုပ်ပုံတို့၊ မြင်ကွင်းတို့က ကြွတက်လာရော၊ ကြည့်စမ်း၊ အခု မြင်နေရတာ မလှဘူးလား၊ ဒါ အရောင်အသွေးစုံလို့ပဲ'

အရောင်သည် အချစ်ကို ပြသည်၊ အမုန်းကိုလည်း ကြွစေသည်။ အရောင်ဖြင့် လွမ်းစရာ မြင်ကွင်းအကြောင်း ပြောပြနိုင်စွမ်း၏။ တစ်ဖန် အရောင်သည် ငြိမ်းအေးမှုကို ကူးစက်စေပြန်သည်။ ထိုနည်းတူ အရောင်ကြောင့်ပင် စိတ်အားတက်ကြွရ၏။ ဒါကလည်း ရယူခံစားသူနှင့်သာ သက်ဆိုင်ပါသည်။

စိမ့်အတွက်မူ အချစ်၏ တန်ခိုးကြောင့်သာ လှပ ငြိမ်းအေးသော အရောင်တို့ကို တစ်ချိန်တုန်းက မြင်စွမ်းသာခဲ့ရသည်။ အချစ်ပျားရည်အိုင်ထဲတွင် မြုပ်ချည် ပေါ်ချည် ကူးခပ်နေခိုက်က ဖြစ်၏။ ထိုစဉ်က တစ်မိုးလုံးသည် လင်းနေသည်၊ ကြည်နေသည်၊ နုနယ်နေသည်၊ အသွေးစုံဖြင့် ကြွရွနေလေသည်။

ဆိုရပါလျှင် ဝင်လုဆဲဆဲ နေ၏ အဆင်းသည် ပြင်းပြစူးရှလွန်းသည်။ သို့သော် မီးလျှံလို အသွေးအရောင်ကို စိမ့်က မမြင်ဘဲ လိမ္မော်ပြေပြေလေးကိုမှ ပန်းခရမ်းဖောက်ထားသော အပြာစင်စင် ကောင်းကင်ကိုပဲ မြင်ရသည်။ ညနေခင်းတို့သည် ချိုအီမွှေးပျံ့နေလေသည်။ ဒါသည် စိမ့်က ချစ်သည်ဟု ထင်ခဲ့ဖူးသော လင်းသာကြောင့်သာ ဖြစ်သည်။

အချစ်၏ နယ်နိမိတ် ကျော်လွန်ပြီးသည့်အခါဝယ် မြင်ကွင်းတို့အပေါ် ခံစားချက်သည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားသည်။ တံလျှပ်ကို ရေထင်ခဲ့မှန်း သိသာလာသည်။ အပ္ပိယေဟိ သမ္ပယောဂ ဒုက္ခဟုပင် ထင်မိလာသည်။ ထိုဝေဒနာ ဖိစီးလာသည့်အခါ တစ်လောကလုံး လင်းနေပါသော်လည်း ကိုယ့်တစ်ဦးတည်းသာ ကွက်၍ မှောင်နေသည်။ မည်သည့်နေရာကို ကြည့်ကြည့် တိမ်ညို တိမ်မည်းကိုသာ မြင်မိသည်။

မှန်သည်။ စိမ့် မြင်ကွင်းတွင် အခိုးအငွေ့တို့ လွှင့်မျောနေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ကျပ်ခိုးလိုလို မည်းမည်းအမှုန်တို့ကိုလည်း နေရာအနှံ့ တွေ့နေရသည်။

ဆယ့်နှစ်ပေ၊ ပေငါးဆယ်သာ ကျယ်သော ရန်ကုန်တိုက်ခန်းသည် စိမ့်အတွက် ညှိုညစ်ညစ်ဖြစ်နေသည်။ နံရံပေါ်တွင်မူ အစိမ်းရောင် ကြောင်မျက်လုံးတို့ ရွှေ့လျားနေသည်။ သူတို့က စိမ့် ဘာလုပ်လုပ် စောင့်ကြည့်နေမည့်ဟန်မျိုး။ ချောက်ချားဖွယ်ကောင်းသော ညများသည် ပြာရီရီ မှုန်မှိုင်းနေ၏။ လျှောင်းစက်ရာ အိပ်ရာသည် သွေးတို့ဖြင့် လိမ်းကျံထားသကဲ့သို့ နီစွေးစွေးဟု ခံစားမိသည်။

ထိုအခန်းထဲက အမျိုးသမီးတစ်ဦး၏ ညည်းတွားသံသဲ့သဲ့သည် အဖြူအမည်း အလင်းအမှောင် မသဲကွဲသော မျက်နှာကြက်ကို မထိတထိ တို့ကစားလိမ့်မည်။ သည်ငရဲခန်းက အရောင်တို့သည် စိမ့်ကို အိပ်ရေးပျက်စေရုံမှတစ်ပါး မည်သို့မျှ သာယာမှု မပေးနိုင်ပေ။

✦✦✦

အခု ပရော့ဂ်ကို ရောက်ပါပြီတဲ့။ စိတ္တဇအခန်းနှင့် မိုင်ပေါင်း ၄၇၀၀ နီးပါး ဝေးသော အရပ် ဖြစ်သည်။ ယခင်က ညဟု ထင်ခဲ့သော အချိန်တို့ နေ့ဖြစ်ရတော့မည့် အရပ် ဖြစ်သည်။

သို့သော် ပရော့ဂ်ကို ရောက်သည့်ညက တည်းခိုခန်းတွင် အဖြူလင်းသော အခန်းမျိုး ရပါစေဟု ဆုတောင်းသော်လည်း မျှော်လင့်ချက် အံချော်ခဲ့ရသည်။ စိမ့်တို့မှာ ဈေးခပ်ပေါပေါ တည်းခိုခန်းအငယ်လေးတွင်သာ တည်းခိုနိုင်ခဲ့သည်။ အလင်းရောင် ကောင်းစွာ မရသည့် အခန်းမို့ မီးဖွင့်လိုက်တော့ မီးရောင် ဝါကြင်ကြင်အောက်တွင် အနီရောင်ပန်းပွင့်ကြီးများပါသည့် နံရံကပ်စက္ကူဖြင့် အလှဆင်ထားသော အခန်းကို တွေ့ရသည်။ ရှုပ်ထွေးနောက်ကျိစရာ တိုးပြန်သည်။

ပရော့ဂ်သည် ဂန္ထဝင်ဆန်သောမြို့ ဖြစ်သည်။ သူ့အလှက သိမ်သိမ်မွေ့မွေ့ ရှိ၏။ မြင့်မားခိုင်ခံ့သော ရှေးဟောင်းဘုရားကျောင်းကြီးများသည် ထည်ဝါ လွန်းလှသည်။ ဗာတာဗာ မြစ်တစ်ဖက်ကမ်းက ကျောက်ဆောင်များပေါ်ကနေ 'ကောင်းကင်တမွတ် ကြယ်ကိုပင် လှမ်းထိမိနိုင်သော တောက်ပခမ်းနားသည့် မြို့ကြီးတစ်မြို့ သည်နေရာတွင် ပေါ်ပေါက်လာရန် အာရုံရသည်' ဟု

mgyoe.com

ဆိုလိုက်သော ကယ်တင်ရှင် သခင်မ လီဘူးရှေး၏ ဗျာဒိတ်တော်အရ တည်ခဲ့သော မြို့ဟု ဒဏ္ဍာရီဆန်ဆန် ဆိုကြသည်။

မြို့ထဲက လမ်းသွယ်ကလေးများထဲတွင် ရောင်စုံလူအုပ်သည် လှုန်းထိုး ရွေ့လျားနေသည်။ ကော်ဖတ်ရုပ်ကလေးများသဖွယ် ဖြူသွယ်ညွတ်ပျောင်းသော ဥရောပသူလေးများ၏ ခိုးခိုးခစ်ခစ် ရယ်သံသည် ညအလှကို ပိုမို တင့်တယ် စေသည်။ ပြီးတော့ သောကြာညမို့ ထင်သည်၊ အရက်ဘားတော်တော်များများ တွင် စည်ကားနေသည်။ သူတို့ဆီက တေးသံသည် လမ်းအပြင်ဘက်သို့ လျှံကျသည်။

သည်မျှလောက် ကာမဂုဏ်ကို လှုံ့ဆော်နိုင်စွမ်းသည့် အရပ်တွင် အာရုံကို နှောင့်ပါးသော ပွေလီသည့် အရာများကို ဝဲပစ်လိုက်ရုံသာ ရှိတော့သည်။

စိတ်ကို လွှတ်ချလိုက်စမ်း စိမ့်။ ပျော်လိုက်စမ်း··· အော်လိုက်စမ်း။

ညစာစားအပြီးတွင် လင်းသာက သူ့အစီအစဉ်ကို ပြောပြသည်။ တစ္ဆေကို နောက်ယောင်ခံမည့် အစီအစဉ်တဲ့။ ကြားရုံနှင့်ပင် ထိတ်လှသည်။

ပရာ့ဂ်မြို့ဟောင်းက ရှေးဟောင်းအဆောက်အအုံကြီးများ ထီးမိုး နေသော မှောင်မှောင်မည်းမည်း လမ်းသွယ်များအကြားတွင် ဝိညာဉ်များကို ရှာဖွေကြမည့် လမ်းလျှောက်ခရီး ဖြစ်သည်။ ထိုခရီးတိုကို ကမ္ဘာ့လှည့်ခရီးသည် များ အကြိုက်တွေ့ကြသော်လည်း စိမ့်ကတော့ တူးတူးခါးခါး ဖြစ်မိသည်။ စိမ့်အဖို့ နာနာဘာဝကို အထူးတလည် နောက်ယောင်ခံလိုက်ကြည့်စရာ မလို။ မကောင်းဆိုးဝါးတို့သည် စိမ့်ဝန်းကျင်တွင် ရှိနှင့်ပြီးသား။

မလိုက်လိုဟု ငြင်း၏။ လင်းသာက ဆွယ်မြဲဆွယ်၏။ စိမ့် တကယ် ရွံ့ကြောက်မှန်း သိတော့ တည်းခိုခန်းတွင် ပြန်နားစေသည်။ သည်လို ဆိုပြန် တော့လည်း စိမ့် တစ်ယောက်တည်း မနေရဲတော့ပြန်။

ခက်တော့ ခက်သည်။ နှင်တော့လည်း မသွားရဲ၊ အတူရှိနေရသည်ကို လည်း မနှစ်မြို့။ ရှေ့လမ်းခရီးအတွက် သတ္တိ မလုံလောက်သေးကြောင်း စိမ့်ကိုယ် စိမ့် သတိပြုမိသည်။

"အစ်ကိုကြီး မကြာဘူးဆိုရင် စိမ့် ပြန်နှင့်ပါ့မယ်"

အားတင်းပြီး ပြောကြည့်သည်။

"လမ်း သိရဲ့လား"

mgyoe.com

တစ်ခွန်းသာ လင်းသာ မေး၏။

စိမ့် ခေါင်းညိတ်သည်။

သည့်နောက် တစ်ယောက်တည်း ထွက်လာခဲ့သည်။ လင်းသာ၏ စမ်းသပ်ချက်ကို စိမ့် အောင်မြင်ဖို့ လိုအပ်သည်။ ညစာစားသည့် ထိုင်း စားသောက်ဆိုင်သည် တည်းခိုခန်းနှင့် လမ်းနှစ်ဆစ်ချိုးသာ ဝေးသည်ကို မှတ်မိထားသည်။

သို့ပေမဲ့ ရှုပ်ထွေးလှသော လူအုပ်ကြောင့်ရော၊ ဆင်ဆင်တူလှသော အဆောက်အအုံတို့ကြောင့်ရော လမ်းမှားသွားသည်။

စိမ့်သည် လမ်းအထပ်ထပ်ကွေ့သည်။ ဟိုလမ်းဟုတ်နိုးနိုး၊ သည်လမ်း ဟုတ်နိုးနိုး ဝင်သွားပြီး လမ်းတစ်ဝက်ရောက်မှ ပြန်လှည့်သည့် အခါလည်း ရှိသည်။ သွားရင်း သွားရင်း ပိုပိုလွဲလာပြီလား သံသယဖြစ်မိသည်။ ကြောက်လန့် လာသည်။ သို့သော် လမ်းတို့သည် ဝင်္ကပါလို ဖြစ်နေသည်။ အစောက ရောက်နှင့်ပြီးသား နေရာကိုသာ ပြန်ရောက်ပြန်သည်။

ကြာတော့ မူးဝေလာသည်။ ဝန်းကျင်က ဆူညံသော ဂီတသံသည် ရင်ကို တဒိန်းဒိန်း ဝင်ဆောင့်သည်။ မီးရောင်တို့သည် အလင်းကို မပေး၊ စိမ့်၏ ကြောက်လန့်မှုကို ကွက်ကွက်ကွင်းကွင်း ပေါ်အောင်သာ မီးမောင်းထိုးပေး နေသယောင် ရှိသည်။

ပြိုစီးကျလာသော လူရေစီးကြောင်းသည် စိမ့်ကို တရွေ့ရွေ့ တွန်းတိုက်နေသည်။ သွားလိုသည့် ခရီးဆီသို့ ရှေ့ကို တော်တော်နှင့် မရောက်နိုင်။ တိုးဝှေ့သော လူအုပ်ကြားတွင် ပျော့ခွေချင်လာ၏။

ကံဆိုးချင်တော့ ဆိုင်းမဆင့်ဗုံမဆင့်နှင့် မိုးပြေးတစ်သုတ် တလွှားလွှား ကျသည်။ မိုးဖွဲ့အောက်တွင် စိမ့်သည် တောင်ပြေးရမလိုလို၊ မြောက်ပြေးရမလိုလို ဖြစ်သွားသည်။ အတန်ငယ် သည်းလာတော့ လမ်းပေါ်တွင် လူလည်း အနည်းငယ် ရှင်းသွားသည်။ စိမ့်သည်လည်း ကော်ဖီဆိုင်တစ်ဆိုင်၏ တံစက်မြိတ်အောက် တွင် မိုးဝင်ခိုသည်။

သူ့နည်းတူ ကော်ဖီဆိုင် အမိုးအောက်သို့ ရောက်လာသည့် လူများ၊ ကော်ဖီဆိုင်ထဲက လူများသည် စိမ့်ကိုသာချည်း ကွက်၍ ကြည့်နေသယောင် ခံစားမိသည်။ သူတို့အကြည့်က စူးရှသည်၊ ရန်လိုနေသည်ဟု ထင်သည်။

mgyoe.com

m g y o e . c o m

SAMPLE BOOK


တစ်ပြိုင်နက်တည်းမှာပင် စိမ့်ကို သရော်လိုသော အရိပ်များ သူတို့ မျက်ဝန်း ထောင့်စွန်းတွင် ပေါ်နေသည်။

ကြွက်စုတ်သဏ္ဌာန် စိမ့်သည် သူတို့အဖို့ ရယ်ချင်စရာ ကောင်းနေပုံ ရသည်။ မည်းမည်းကြုတ်ကြုတ်၊ ပိန်ပိန်လှီလှီကလေး။ ဥရောပလာပြီး ဟိတ်ဟန်ထုတ်ပေမယ့် သိမ်နုပ်သော မူရင်းရုပ်လွှာက မပျောက်။

ကျီးညို ကျီးညို၊ ချင်းတွင်းသူ ကျီးညို။ ရုပ်ဆိုးမ ကျီးညို။ ဉာဏ်ထိုင်းမ ကျီးညို။

ဟုတ်သည်၊ သူတို့ ရယ်နေကြသည်။ မျက်လုံးနှင့် ရယ်နေကြသည်။

ထို အကြည့်များအောက်တွင် တစ်ကိုယ်လုံး ကျုံ့ဝင်သွားလုမတတ် စိမ့်၏ တည်ရှိမှုမှာ အခြိမ်းခြောက်ခံနေရလေသည်။ ဖြစ်နိုင်လျှင် နေရာမှာတင် ကိုယ်ယောင်ပျောက်သွားလိုက်ချင်၏။ ကာလအတန်ကြာ အသားကျနှင့်ပြီးသော သေးမွှားခဲ့သည့် ဘဝသည် စိမ့်၏ သိစိတ်နံရံကို တဒိုင်းဒိုင်းဆောင့်၍ ပြန်လည် သတိပေးနေလေပြီ။

စိမ့်သည် ထိုအမိုးအောက်က တစ်ရှိန်ထိုး ပြေးထွက်လာသည်။ သည့်နောက် ဘာကိုမျှ မသိတော့။ နောက်ဆုံး မှတ်မိလိုက်သည်ကား ထိုင်းစားသောက်ဆိုင်ရှေ့ကို ပြန်ရောက်သွားပြီး လင်းသာက သူ့ကို ပွေ့ယူ လိုက်သည်ကိုသာ။

✦✦✦

ထိုညက စိမ့် အပြင်းဖျားသည်။ ခရီးပန်းသည့် ဒဏ်ကြောင့်လည်း ပါသည်။

ညတစ်ရေးနိုးထပြီး လင်းသာက ဆေးတိုက်ချိန်တွင် အဖြူလိုလို အစိမ်းလိုလို သဏ္ဌာန်တစ်ခု လွင့်သွားသည်ကို စိမ့် တွေ့လိုက်ရသည်။ အခန်း အတွင်းသို့ ဝင်သည့် တံခါးမကြီး၏ ဘေးတွင် ဖြစ်သည်။

စိမ့်သည် ပြူးကြောင်ကြောင် ဖြစ်နေလေသည်။

''အစ်ကိုကြီး၊ အစ်ကိုကြီး၊ ဒီအခန်းထဲမှာလေ တစ်ယောက်ယောက် ရှိနေတယ် ထင်တယ်၊ စိမ့် မြင်နေရတယ် သိလား''

လင်းသာက စိမ့် ကယောင်ကတမ်းဖြင့် ပြောနေသည်ဟုသာ ထင်သည်။

m g y o e . c o m

"ကောင်းကောင်း နားလိုက်ပါ၊ သက်သာလာမှ ဂျာမနီဘက်ကို ကူးတာပေါ့" ဟု နှစ်သိမ့်သည်။

ပြီးတော့ သူနှင့် ပြန်တွေ့ရသဖြင့် စိမ့် ကံကောင်းသည်ဟု လင်းသာက ဆိုသည်။ ထိုစကားသည် နောင်အခါ စိမ့်တစ်ယောက်တည်း မသွားဝံ့တော့စေရန် ခြောက်လှန့်လိုက်သည့် စကားလည်း ဖြစ်နိုင်သည်။

ထိုခြောက်လုံးကြောင့် လွတ်မြောက်ရာလမ်းစ ပို၍ နည်းပါးသွားမှန်း စိမ့် ရိပ်မိသည်။ မနက်ဖြန်အကြောင်း တွေး၍ ရှင်ပျနိုးနိုး မျှော်လင့်ချက်တို့ ပါးလျရတော့မည်။ လင်းသာ အောင်မြင်ပါပေ၏။ တစ်နည်း စိမ့် ရှုံးရပြန်လေပြီ။

ငိုချင်သည်။ မူးသည်။ လှိုက်သည်။ ရှိုက်သည်။ ထိုညကို နီးတစ်ဝက် အိပ်တစ်ဝက်ဖြင့် ကျော်လွှန်ခဲ့ရသည်။

အဖြူလိုလို အစိမ်းလိုလို သဏ္ဌာန်သည်လည်း တစ်ညလုံး စိမ့်အနားတွင် တဝဲလည်လည် ဖြစ်နေသည်။ မည်သည့် အရာမှန်း တပ်အပ် မပြောနိုင်။ လှည့်ကြည့်လိုက်လျှင် ပျောက်သွားသည်။

လူလား၊ တိရစ္ဆာန်လား၊ ယောကျ်ားလား၊ မိန်းမလား မခွဲခြားနိုင်။ သဏ္ဌာန်မရေရာသော ထိုအရိပ်ကို စိမ့်ကတော့ လူတစ်ယောက်ဟု ထင်သည်။ သို့သော် သည်တစ်ခါတော့ ထိုအရာသည် ဘွားဘွား မဟုတ်မှန်း သေချာသည်။ ထိုထင်မြင်ချက် မမှားကြောင်း နောင်သောအခါ သိရလေသည်။

✿

mgyoe.com

mgyoe.com SAMPLE BOOK

(၅)

နံရံပေါ်က ဓာတ်ပုံထဲက ပုဂ္ဂိုလ်သည် စိမ့်ကို ကြည်ကြည်ရွှင်ရွှင် ပြုံးပြနေသည်။ ရွှန်းရွှန်းစားစား ကြည့်သည်။ အသားအရေ ကြည်စင်သော ထိုလူသား၏ မျက်နှာပေါ်တွင် အထင်ရှားဆုံးအမှတ်အသားမှာ နက်မှောင် ဖြောင့်တန်းသော သူ၏ မျက်ခုံးများ ဖြစ်သည်။ ထိုမျက်ခုံးများသည် တစ်ဖက် နှင့်တစ်ဖက် ထိစပ်လုမတတ် ထူထူထဲထဲ သိပ်သိပ်သည်းသည်း ရှိလှသည်။ သည်မဟုရာကိုင်းပင်တောအောက်က ရှည်သွယ်သွယ်မျက်ရှုအိမ်သည် အညို ညို့ညို့ ဖြစ်သည်။

သည်လို မျက်ခုံးထူထူ၊ မျက်လုံးရှည်ရှည် သဏ္ဌာန်နှင့် အညိုရောင် မျက်ဆန် ပိုင်ဆိုင်ထားပုံက ထူးထူးနှင့် တစ်ပုံစံတည်း။ ထိုမျက်ဝန်းများနှင့် အရင်ဆုံမိခဲ့သဖြင့်သာ ဓာတ်ပုံကို စိမ့် ကြည့်မိသွားခြင်း ဖြစ်သည်။ သို့သော် ကြာကြာလည်း မကြည့်ရဲပြန်။ သူစိမ်း ယောကျ်ားတစ်ယောက်၏ပုံကို အိမ်ထောင်သည်အမျိုးသမီးတစ်ယောက်ဟာ စိတ်ရှိသလောက် စေ့စေ့စပ်စပ် မကြည့်သင့်ဘူး မဟုတ်လား။

"အဲဒါ ဂျိမ်းလေ၊ သမီး ဂျိမ်းနဲ့ ဆုံဖူးလား"

နောက်နားဆီက အဘိုးစံမြတ်၏ အမေးသံကို ကြားရသည်။

ဂျိမ်း ဂျိမ်း တဲ့လား။ မိုးခြိမ်းသံ ဂျိန်းကို ကြားလိုက်ရဘိသကဲ့သို့ စိမ့်၏ နှလုံးသားသည် နိုးနိုးကြားကြား ဖြစ်သွားသည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

"မဆုံဖူးပါဘူးရှင့်"

တိုပြတ်ပြတ် အဖြေစကားသံသည်ပင် မူမမှန်ချင်။

"ဂျိမ်းက နှစ်နှစ် တစ်ခါလောက် မြန်မာပြည်ကို ပြန်ပါတယ်၊ နဒီနဲ့တော့ သူတို့ချင်း အဆက်အသွယ် ရှိကြတယ်၊ ငယ်ကတည်းက အတူတူကြီးလာခဲ့ကြတာဆိုတော့ သံယောဇဉ်လည်း ကြီးကြတာပေါ့လေ"

ဘွားဘွားနှင့် အဘိုးစံမြတ်တို့ မိသားစုနှစ်စု၏ ရင်းနှီးကျွမ်းဝင်မှုသည် မျိုးဆက်သုံးဆက်စာ အခွန့်ရှည် ခိုင်မာဆဲ ဖြစ်သည်။ သားထောက်သမီးခံ မြေး ဟူ၍လည်း မရှိသော အဘိုးစံမြတ်နှင့် အဘွားဟယ်လင်တို့က ဂျိမ်းကို မွေးစားခဲ့သည်။ ဂျိမ်းက ဦးစံမြတ်၏ တူက မွေးသဖြင့် တော်စပ်ရသည့် မြေးဝမ်းကွဲ။ မြန်မာပြည်တွင် အထက်တန်းပညာရေး ပြီးမြောက်ကတည်းက ဂျာမနီတွင် တက္ကသိုလ်တက်ရန် ဦးစံမြတ်တို့က ထောက်ပံ့ပေးခဲ့သည်။

"သူ့အလုပ်က ဘွန်းမှာဆိုတော့ အဲဒီမှာပဲနေတာ၊ တို့ဆီကိုတောင် တော်ရုံ ပြန်မလာဖြစ်ပါဘူး၊ အဲ… ဒီအတောအတွင်းတော့ ခဏပြန်လာဦးမယ် ပြောတာပဲ၊ ပြီးတော့ မြန်မာပြည်လည်း သူ့ကိုယ်ရေးကိုယ်တာကိစ္စအတွက် ပြန်ဦးမယ်တဲ့၊ သမီးတို့နဲ့ ဆုံချင် ဆုံဦးမှာ"

ဆုံချင် ဆုံဦးမှာဆိုတော့ ရင်ဖိုမိသွားသည်။

နံရံပေါ်က ထိုမျက်ဆန်ညိုလေးဆီသို့ တစ်ချက်လောက် သမင်လည်ပြန် လှည့်၍ ကြည့်လိုက်ချင်သော်လည်း လင်းသာသည် စိမ့်ကို အလွတ်မပေးချေ။ စိမ့် လှုပ်ရှားမှုတိုင်းသည် လင်းသာ၏ အကြည့်အောက်တွင် သေဝပ်နေရ၏။

လင်းသာနည်းတူ စိမ့်ကို အသံတိတ် အကဲခတ်နေသူက အဘွား ဟယ်လင်။

မျက်ဝန်းထောင့်စွန်းတွင် ကျီးခြေထောက်များ ထင်းထင်းပေါ်နေ သော်လည်း သူ့အကြည့်များက တောက်ပ စူးရဲဆဲ။ စကားဝိုင်းတွင် တစ်ခွန်းမျှ ဝင်မဆိုဘဲ ခပ်မဆိတ်သာ အကဲခတ်နေသည်။ ဘာသာစကား အဟန့်အတား ကြောင့် ဖြစ်ကောင်းဖြစ်နိုင်သော်လည်း သူ့အမူအရာကိုက စိမ့်အပေါ် အေးတိ အေးစက်နိုင်လွန်းသည်။ တစ်ချက် တစ်ချက် အလစ်အငိုက်ဖမ်းပြီး စိမ့် ရင်တွင်းကို ဖောက်၍ လှမ်းတောက်လိုက်သည့် ကြည့်ပုံမျိုးကတော့ ဘွားဘွားနှင့် တူလှသည်။

mgyoe.com

လာချင်လွန်းလို့သာ လာရသော်လည်း သည်မိသားစုနှင့် စိမ့်၏ ဆက်ဆံရေးမှာ ဖက်လဲတကင်း ရင်းနှီးလှသော အနေအထားတွင် မရှိသော ကြောင့် အနေကျုံ့လာမိသည်။ စိမ့် မှားပြီလား မသိ။

ပတ်ဝန်းကျင်ကို သိပ်ဂရုမထားတတ်သော လင်းသာသည်ပင်လျှင် မလွတ်မလပ်ဟန်ပေါက်နေသည်။ စကားဝိုင်းကို အဘိုးစံမြတ်ကသာ ဦးဆောင် နေရသည်။

"မောင်လင်းသာက ဘာလင်မှာ ဘယ်လောက် ကြာမှာလဲ"

"တစ်လနီးပါးပါပဲ ဦးလေး၊ အနုပညာအလုပ်ရုံဆွေးနွေးပွဲက နှစ်ပတ်၊ ပြပွဲက နှစ်ပတ်ပါ၊ အလုပ်ရုံဆွေးနွေးပွဲပြီးရင်ကို ကျွန်တော် စိမ့်ကို ပြန်လာ ခေါ်ပါ့မယ်၊ ကျန်သေးတဲ့ရက်တွေက ဟိုဟို ဒီဒီ အလည်ပေါ့"

"အေးပါကွာ၊ တို့တွေအတွက် အပန်းမကြီးပါဘူး၊ ပြန်လည်း လာမခေါ်ပါနဲ့၊ ပင်ပန်းပါတယ်၊ မင်း ဟိုမှာ ကိစ္စဝိစ္စတွေ ပြီးပြီဆိုတဲ့ အချိန်လောက်ကျရင် ကလေးမလေးကို ဘာလင် လိုက်ပို့ပေးလိုက်ပါ့မယ်၊ စိတ်ချလက်ချ ထားခဲ့ပါ၊ စောင့်ရှောက်ပေးရမယ့် ဝတ္တရား ဦးလေးတို့မှာ ရှိပါတယ်၊ သူ့အဘွားကလည်း အပ်သွားခဲ့တာပဲ"

ဘွားဘွားအကြောင်း ကြားရပြန်လေပြီ။ 'သူ့အဘွား' တဲ့။ 'အပ်သွား ခဲ့တာပဲ' တဲ့။ ဘယ်ဘက်ရင်အုံလေး နွေးသွားသည်ကို သတိပြုမိသည်။ ဘွားဘွားနှင့် ရင်းနှီးသူတစ်ဦးထံကနေ ဘွားဘွားအကြောင်း မှုန်မှုန်လေး ကြားရုံမျှနှင့် အလွမ်းဓာတ်က ပြုထွက်လာသည်။

ဘွားဘွား စိမ့်ကို ချစ်၊ မချစ် သေချာ မသိပါ။ သနားစရာလေးဟု ကရုဏာသက်ခဲ့တာတော့ သေချာသည်။ သူ ဩဇာညောင်းသည့် လူတစ်ယောက် မို့ ခင်တွယ်ဟန်လည်း ရှိသည်။ ပြီးတော့ စိမ့်အတွက် ကြောင့်ကြစိတ်လည်း များခဲ့ပုံရသည်။ ထို့ကြောင့်ပင် ဘွားဘွား မသေခင် စိမ့်၏ အိမ်ထောင်ရေးကို စီစဉ်သွားခဲ့ခြင်း ဖြစ်သည်။

ထိုစဉ်က အဘိုးစံမြတ် ရန်ကုန်ကို ရောက်နေခိုက် ဖြစ်သည်။ ဦးစံမြတ်ကို သူ တိုင်ပင်သည်။ ထို့နောက် စိမ့်နှင့် လင်းသာကို လက်ထပ်ပေး ခဲ့သည်။

ဘွားဘွား၏ အမြင်တွင် စိမ့်နှင့်လင်းသာတို့သည် သူချစ်ကိုယ်ချစ် ချစ်ကြသည့် ချစ်သူနှစ်ဦး။ သူ မရှိသည့်နောက်တွင် လင်းသာက စိမ့်ကို

mgyme.com

mgyoe.com

စောင့်ရှောက်နိုင်လိမ့်မည်။ စိမ့်ဘဝအတွက် စိတ်အေးစရာ ဖြစ်လိမ့်မည်ပေါ့။

ဟုတ်ပါသည်။ စိမ့်တို့က ချစ်သူတွေပါ။ သို့သော် ဘွားဘွားကကယ် မသိသွားတာက လက်ထပ်သည့်နေ့ကစပြီး လင်းသာကို လုံးဝ မချစ်နိုင်တော့ခြင်း ဖြစ်သည်။

"အခု မသိန်းညို ဆုံးသွားတာ ငါးနှစ်ကျော်လောက် ရှိပြီထင်တယ်နော်၊ တို့တွေလည်း အဲဒီ တစ်ခါ ပြီးကတည်းက မြန်မာပြည် ပြန်မရောက်တော့ဘူး၊ အသက်တွေလည်း ကြီးပြီကိုးကွယ်၊ လူကြီးတွေ မရှိတော့ပေမဲ့ အခုလိုတစ်မိသားနဲ့ တစ်မိသား အဆက်အဆံမပြတ်ကြတာကို ဝမ်းသာမိတယ်၊ အစ်ကိုကြီးကိုအုန်းနိုင်တို့၊ မသိန်းညိုတို့ကလည်း ဒါမျိုးပဲ မြင်ချင်ကြမှာ"

ဘိုးဘိုးကြီးဦးအုန်းနိုင်အကြောင်း တွေးမိပြန်တော့ ဘွားဘွား၏ ကျွန်းဗီရိုကြီးထဲက အသွေးစုံနှင့် ထည်ဝါသော ပိုးဖဲကတ္တီပါစတို့ကိုပါ ဒွန်တွဲသတိရမိသည်။ ထိုခါးဝတ်တို့သည် မတို့ထိရက်စရာ လက်လက်ထနေသည်၊ မွတ်မွတ်အိနေသည်၊ ဝင်း၍နွဲ့နေသည်။ ထိုလုံချည်စများနှင့် စုဆောင်းယူခဲ့သော ပန်းကန်ခွက်ယောက်များသည်သာ ဘွားဘွားအဖို့ စံစားဖူးသော စည်းစိမ်၏ နောက်ဆုံးပြယုဂ်အဖြစ် ပြစရာ ရှိခဲ့သည်။

'ဒါက ယိုးဒယားက၊ ဟောဒါက မာလာယုက၊ ဒါလေးကတော့ ကုလားပြည်က'

နိုင်ငံစုံကနေ ဝယ်လာခဲ့သည့် ပစ္စည်းများအကြောင်း ကျေကျေနပ်နပ် စားမြုံ့ပြန်လေ့ရှိသော ဘွားဘွား၏ လှိုက်လှဲသော အသံစီစီသည် သူနှင့်သူ့ခင်ပွန်း၏ ခေတ်ကောင်းကို ပြန်လည်သိဒ္ဓိတင်ရာ ရောက်သည်။ ဘုံမြှောက်လျှင်သော်တောင်မှ ဘိုးဘိုးကြီးနှင့် ဘွားဘွားတို့ ဇနီးမောင်နှံ၏ ထက်မြက်မှုနှင့် သိက္ခာသမာဓိရှိမှုက ထင်ရှားလေပြီးသား။ အရိပ်ခိုဖူးသူတို့အဖို့ အောက်မေ့စရာ ဖြစ်သည်။ တစ်ကြိမ်တစ်ခါ ငဲ့ညှာဖူးသော ကျေးဇူးကို အဘိုးစံမြတ်က တစ်သက်တာ အလေးအမြတ်ထားသည်။

တကယ်က အဘိုးစံမြတ်နှင့် စိမ့်တို့၏ ဘိုးဘိုးကြီး အဘိုးအုန်းနိုင်တို့ နှစ်ဦးသည် သွေးသားတော်စပ်ခြင်းကြောင့် မဟုတ်ဘဲ သံသရာရေစက်က ပြဋ္ဌာန်းလိုက်သော ညီအစ်ကိုများ ဖြစ်ကြသည်။ မိဝေးဖဝေး တစ်မြေခြားပြီး ဒါဂျီလင်မှာ ကျောင်းတက်ကြစဉ်က သူတို့နှစ်ဦး တစ်ဦးကို တစ်ဦး အပြန်အလှန်

mgyoe.com

mgyone.com SAMPLE BOOK

စောင့်ရှောက်ကြပုံ၊ သံယောဇဉ်ကြီးကြပုံတို့ကို ဘွားဘွား မကြာခဏ ပြောပြလွန်း၍ စိမ့် နားရည်ဝခဲ့သည်။

ဘိုးဘိုးနှင့်ဘွားဘွား၏ အိမ်ထောင်ဦးအစတွင် ငွေရေးကြေးရေး မကြောင့်ကြဘဲ စီးပွားတစ်ခု လက်ကိုင်ထားနိုင်ခြင်းမှာ အဘိုးစံမြတ်၏ ဒါဂျီလင်ထရေးဒင်း ကုမ္ပဏီကြောင့် ဖြစ်သည်။ ဦးစံမြတ်က ဒါဂျီလင်တွင် ကျန်ရစ်ခဲ့ပြီး ကမ္ဘာတွင် နာမည်ကြီးသော ဒါဂျီလင်လက်ဖက်ခြောက်ကို မြန်မာနိုင်ငံသို့ ပင်တိုင် တင်သွင်းသည်။ ဦးအုန်းနိုင်ကတော့ မြန်မာ့ဆန်နှင့် ဆန်ထွက်ပစ္စည်းများကို ဦးစံမြတ် အကူအညီဖြင့် အိန္ဒိယသို့ တင်ပို့သည်။ ထိုမျှမက ဘိုးဘိုးကြီးသည် မြန်မာပြည်တွင် ကျန်ရစ်သော ဦးစံမြတ်၏ မိဘနှင့် မောင်နှမများကိုပါ စောင့်ရှောက်ပေးခဲ့သည်။ အဘိုးအိုနှစ်ဦးသည် သူငယ်ချင်း၊ ညီအစ်ကို၊ ရဲဘော်ရဲဘက်သာမက စီးပွားရေးမိတ်ဖက်ပမာ မေတ္တာနှောင်ကြိုးကို ထုံးနှောင်ခဲ့ကြသည်။

စပ်တူလုပ်ငန်းဆိုသော်ငြား ကုမ္ပဏီ ပြည်သူပိုင်သိမ်းတော့ ဘိုးဘိုးကြီး အုန်းနိုင်ကသာ ခါးစည်းခံခဲ့သည်။ နှစ်ဦးသား အထိနာတာချင်းအတူတူ တင်ကျန်ခဲ့သော အကြွေးတို့ကို စိမ့်တို့ ဘိုးဘိုးကြီးကသာ ပိုင်ဆိုင်သမျှ ရောင်းချ ပေးချေခဲ့သည်။ ထို့အတွက် အဘိုးစံမြတ်ခမျာ တာဝန်မကျေသလို ခံစားခဲ့ရဟန် တူသည်။ ဘိုးဘိုးကြီး ကွယ်လွန်ပြီးနောက်ပိုင်း ကျန်ရစ်ခဲ့သည့် ဘွားဘွားနှင့် ဘဘကြီးသိန်းထိုက်တို့ သားအမိကို ထောက်ပံ့ဖို့ရာ သူ ကြိုးစားသေးသည်။ ဘွားဘွားက လက်မခံခဲ့။

စိမ့်၏ ဘွားဘွားသည် မာနအရာတွင် ဗေဒဂ်ရထိုက်သူ ဖြစ်သည်။ ဘိုးဘိုး မရှိတော့သော်လည်း ဘဘသိန်းထိုက်ကို ပညာတတ်တစ်ဦးဖြစ်အောင် သူ့တစ်ယောက်တည်း အားနှင့် ပြုစုပျိုးထောင်နိုင်ခြင်းအပေါ် အမြဲ ဂုဏ်ယူသည်။

ထို့အတူ ဆွေမျိုးအသိုင်းအဝိုင်းတွင်လည်း ဘွားဘွားကို မိန်းမထက် တစ်ဦးဟု ရည်ညွှန်းကြတာ များပါသည်။ သားဖြစ်သူ၏ အိမ်ထောင်ရေးကို လည်း သူပဲ စိတ်တိုင်းကျ ရွေးချယ်ပေးခဲ့ခြင်း ဖြစ်သည်။

တကယ်တော့ အန်တီသီသီသည် အရ[illegible]ဟုတ်၊ သူ့ကို ထင်သလို ကြိုးကိုင်မရတော့ခြင်းသည် ဘွားဘွား၏ ဩဇာကျဆုံးခြင်း နိဒါန်းဖြစ်သည်။ ဒါတောင် အန်တီသီသီသည် ဘွားဘွားကို တဲ့တိုးရင်ဆိုင်ကာ နှုတ်ရှို့

mgyone.com

mgyoe.com

ထိုးဝှံ့သည် မဟုတ်ဘဲ မကြားတကြား စောင်းမြောင်း ငြူစူခြင်းလောက်သာ တတ်နိုင်ခဲ့သည်။

ဘွားဘွားဆုံးခါနီး အဘိုးစံမြတ် ရောက်လာချိန်တွင် တင်းထားခဲ့သော မာန်တို့ကို ဖြေလျှော့ခဲ့ဟန်တူသည်။ ဦးစံမြတ်လက်ကို ဆုပ်ပြီး မျက်ရည် တွေတွေကျသည်။ စကားများများ မပြောနိုင်တော့။

'မောင်စံမြတ်ရယ်၊ ဒီကလေးမအတွက်ပဲ စိတ်ပူလှတယ်'

စကားသံ လေသံမျှယဲ့ယဲ့ ထွက်နိုင်ရေး မနည်းအားယူပြောနေရသည့် အချိန်တွင် ဘွားဘွားနှုတ်က စိမ့်ကို စိတ်ပူကြောင်း တသသ ပြောခဲ့သည်။

ထိုအကြောင်းကို ပြန်တွေးတိုင်း မျက်ရည်ဝိုင်းရပါသည်။

စိမ့်သည် ဘွားဘွားကို မုန်းလည်း မုန်းသည်၊ ချစ်လည်း ချစ်သည်၊ ကြောက်လည်း ကြောက်သည်၊ အားလည်း ကိုးသည်။ စိမ့်၁၀ထဲက ဘွားဘွား ထွက်ခွာသွားခြင်းသည် ခန္ဓာကိုယ်၏ အရေးအပါဆုံးသော အစိတ်အပိုင်းတစ်ခု ပဲ့ကြွေသွားသည့် ပမာ ဖြစ်သည်။ နာကျင်စရာကောင်း၏။ စီးဆင်းနေသော မြစ်ရေတို့ အထက်အောက် ကပြောင်းကပြန် ဖြစ်သွား၏။ ဝင်လေ၊ ထွက်လေ ကျပ်တည်းသွား၏။ ကန္တာရဟင်းလင်းပြင် ကျန်ရစ်၏။

အားကိုးတွယ်တာရလွန်းသူ တစ်ဦးဦး ဘဝထဲက နုတ်ထွက်သွားလျှင် သည်လို ဖြစ်တတ်လေသလားမသိ။ အသက်မြော့မြော့သာ ကျန်နေတော့သော ဘွားဘွားကို 'ဘွားဘွား မရှိရင် ဘယ်သူ့ကို အားကိုးရမှာလဲ' ဟု တစ်ကိုယ် ကောင်းဆန်စွာ မမေးချင်ပါ။ ဆွဲမထားချင်ပါ။ စိမ့်ကို အနားတွင်ရှိသော အဘိုးစံမြတ်လက်တွင် အပ်ပြီးမှ ဘွားဘွား အသေဖြောင့်၏။

ဘွားဘွားနှင့်ဆက်စပ်၍ အဘိုးစံမြတ်ကို ရိုသေရမည်၊ လေးစား ရမည်၊ အဆက်အသွယ်ထားရမည် ဆိုသည်ကို အရိုးစွဲအောင် မှတ်သားထားခဲ့ သည်။ စိမ့် ကိုယ်နှိုက်ကလည်း ရင်းနှီးလိုပါသည်။ သူ့အပေါ် နွေးထွေးစေ့ချင် သည်။

"ဒါက အဘိုးတို့အတွက် စိမ့် ယူလာတဲ့ လက်ဆောင်ပါ"

ဘွားဘွားအကြောင်း အတွေးကိုဖြတ်ကာ အိတ်ထဲကနေ သေချာ ထုပ်ပိုးယူဆောင်လာခဲ့သည့် ရွှေချည်ထိုးကားချပ်ကို ထုတ်ကာ လက်ကမ်းပေး လိုက်သည်။

mgyoe.com

m g y o e . c o m SAMPLE BOOK


ဒါကလည်း ဘွားဘွား သွန်သင်ခဲ့တာပဲ ဖြစ်သည်။ သူတစ်ပါးအိမ်ကို ညအိပ်ညနေ အလည်သွားလျှင် လက်ချည်း ဗလာသက်သက် မသွားရ၊ လက်ဆောင်တစ်ခုခု ယူသွားရမည်တဲ့။ ဒါမှ လူယဉ်ကျေးတဲ့။ တစ်လုတ်စားဖူးမှ သူ့ကျေးဇူး ရှိသည် မဟုတ်၊ တစ်ထောက်နားဖူးလည်း သူ့ကျေးဇူး ဟူ၍ မှတ်ယူရမည်မို့ လူယဉ်ကျေးထုံးစံကိုလည်း စိမ့် လိုက်နာသင့်သည်ပဲ။

ရွှေချည်ထိုးကားချပ်ကို အဘိုးစံမြတ် ဖြန့်ကြည့်လိုက်သည့်အချိန်တွင် အဘွားဟယ်လင်ကလည်း စိတ်ဝင်စားဟန်ပြသည်။ ရွှေရောင်ဖိတ်ဖိတ်လက်နေသည့် မန္တလေးကျုံးမြို့ရိုးသည် အနက်ရောင်ကတ္တီပါအစပေါ်တွင် ရုပ်လုံးကြွနေ၏။ ဟယ်လင်၏ မျက်နှာသည်လည်း အကြောပြေလျော့သွားသလို အနည်းငယ် ပျော့ပျောင်းလာလေသည်။ စိမ့်အပေါ် ခင်တွယ်ပါစေဟုသာ ဆုတောင်းမိသည်။

အဘိုးစံမြတ်က ရွှေချည်ထိုးကားချပ်ကို စေ့စေ့ကြည့်ပြီး အဘွားဟယ်လင်လက်ထဲသို့ ထည့်လိုက်သည်။ ဟယ်လင်သည် ထိုကားချပ်ကို မည်သည့်နေရာတွင် ချိတ်ရမည်ကို ရုတ်တရက် ဝေခွဲ မရ၊ နံရံပေါ်တွင် အစမ်းသဘောမျိုး ဟိုနား သည်နား ကပ်ကြည့်နေသည်။ အဘိုးသည် အဘွားကို နေရာတစ်နေရာသို့ လက်ညှိုးထိုးပြပြီး ဂျာမန်လို တစ်စုံတစ်ရာ ပြောလိုက်သည်။ အဘိုးလက်ညှိုးညွှန်ရာတွင် ရုပ်ပုံခပ်သေးသေးတစ်ခု ချိတ်ဆွဲထားသည်ကို တွေ့ရသည်။

အရောင်အသွေးစုံလင်သော ပန်းချီရယ် မဟုတ်၊ ပုံတူခြစ်ထားသော ကားချပ်လေးမျှသာ ဖြစ်သည်။ စစ်သားများလို ဆံပင်ခပ်တိုတို တိတိပြတ်ပြတ်ညှပ်ထားသော လူငယ်လေးတစ်ဦး၏ပုံ ဖြစ်သည်။ ဟယ်လင်သည် ထိုပုံတူ၏ဘေးနားတွင် ရွှေချည်ထိုးကားချပ်လေးကို ကပ်ကြည့်လိုက်သည်။ သည်တစ်ခါတော့ ဟယ်လင့်မျက်နှာ ဝင်းပသွားသည့်မှာ သိသာပါသည်။

လက်ဖက်ရည်ဝိုင်းသိမ်းတော့ နေ့အလင်းစာတ်တို့ ပြယ်လုလုရှိလေပြီ။ လင်းသာလည်း ခရီးဆက်ရဦးမည်။ ဦးစံမြတ်က စိမ့် လွတ်လွတ်လပ်လပ်ရှိအောင် ခြံဝင်းထဲက သီးသန့်အိမ်ငယ်လေးထဲတွင် အခန်းစီစဉ်ပေးထားကြောင်း ပြော၍ လှိုက်ခနဲ ဝမ်းသာမိသွားသည်။

ငွေ့ငွေ့ဖျားနေဆဲဖြစ်သော ခန္ဓာကိုယ်သည် ရုတ်ခြည်း ပေါ့ပါးသွားသလိုလို။

✦ ✦ ✦

mgyoe.com

mgyoe.com

SAMPLE BOOK


အိမ်ကအထွက် လမ်းမြောင်လေးအတိုင်း အထက်ဘက်သို့ မျှော်ကြည့်လျှင် တောင်တက်လမ်းကို တွေ့ရသည်။ ဟိုမှာဘက်တွင် စိမ်းစိုညို့မှိုင်းသော တောအုပ်နှင့်တောင်ကုန်း ရှိဟန်တူ၏။ လတ်တလောတွင်မူ မြူတွေ ဆိုင်းနေသဖြင့် ရှေ့တစ်ခေါ်လောက်ဆိုလျှင် သဲသဲကွဲကွဲ မမြင်ရတော့။ အဖြူရောင် ဟင်းလင်းပြင်ကိုသာ နင့်နင့်နဲနဲ မြင်နေရသည်။

ရေဓာတ်ပါသော မြူခိုးတို့ ပွတ်သီသွားသဖြင့် အကာအကွယ်မဲ့နေသော မျက်နှာပြင်သည် မကြာမီပင် အေးမြစွတ်စိုလာသည်။ ပါးစပ်ဟ၍ လေမှုတ်လိုက်တိုင်း အခိုးအငွေ့တို့ အန်ကျလာသည်။ အပူချိန်က ကိုးဒီဂရီစင်တီဂရိတ်။

သည်ရွာလေးသည် ဒရက်စဒင်မြို့မှ မိနစ်လေးဆယ်ကျော်ခန့် ဘတ်စ်ကားစီးရသည့် အကွာအဝေးတွင် တည်ရှိသည်။ အိမ်ခြေ အစိတ်လောက်ပင် ကောင်းကောင်း မရှိချင်သော ရွာငယ်လေးဖြစ်သည်။ လူသွားလူလာ ကျဲပါးသည့်အပြင် သည်ရွာကို ခြေချမိခိုက်က ရွာမှာ လူရှိရဲ့လား၊ လူနေရဲ့လား ဟုတောင် တွေးမိလောက်အောင် တိတ်ဆိတ်လွန်းလှသည်။

ဘတ်စ်ကားပေါ်က ဆင်းတော့ လမ်းပေါ်တွင် အဘိုးစံမြတ်တို့အိမ်ကို မေးမြန်းစရာ လူတစ်ယောက်ပင် မတွေ့ခဲ့။ အိမ်တိုင်းလိုလို တံခါးပိတ်ထားသည်။ လူစိမ်းဖြစ်တာက တစ်ကြောင်း၊ နယ်မြေဒေသ၏ အခြေအနေကို မသိတာက တစ်ကြောင်း အိမ်တံခါးခေါက်ပြီး မေးရန်သင့်၊ မသင့်ကိုပင် အတော်စဉ်းစားရသည်။

တံခါးခေါက်ပြန်တော့လည်း မည်သူတစ်ဦးတစ်ယောက်မျှ ထွက်မလာခဲ့၊ ခွေးဟောင်သံကိုတော့ ကြားရသည်။ ကံကောင်းချင်တော့ မီးခိုးခေါင်တိုင်တွင် မီးခိုးတလူလူလွင့်နေသော အိမ်တစ်အိမ်ကို တွေ့မိသည်။ ထိုအိမ်မှာတော့ လူရှိကောင်းရဲ့ဆိုပြီး အနားတိုးကပ် အကူအညီတောင်းတော့မှ အဘိုးစံမြတ်တို့အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်တော့သည်။

သည်လို ဆိတ်ငြိမ်သော အရပ်၊ လူသူကင်းဝေးသော အရပ်တွင် မိမ့်က ပျော်သော်လည်း လင်းသာက စိုးရိမ်ဟန် ရှိသည်။

"ရာသီဥတုကလည်း အေးတယ်၊ မင်းရဲ့ အဖျားကလည်း အရှင်းပျောက်သေးတာ မဟုတ်ဘူး၊ နွေးနွေးထွေးထွေးနေပေါ့"

mgyoe.com

mgyee.com SAMPLE BOOK

စိမ့်ကတော့ လေကောင်းလေသန့်ကို ရှုရှိုက်ခွင့်ရမှာရယ်၊ မြရည်သက်သော တောနှင့်တောင်ရယ်၊ ငြိမ့်ငြိမ့်ညောင်းညောင်း စီးဆင်းနေသည့် အယ်ဘာမြစ်ရယ်၊ လူရိပ်ပင် မမြင်ရလောက်အောင် ငြိမ်းအေးလွန်းတာရယ် စသည့် ဝန်းကျင်ကောင်းကြောင့်ပင် သူ့နှလုံးစိတ်ဝမ်း အေးချမ်းမည်မှာ မုချဟု ယုံကြည်သည်။ စိတ်ချမ်းသာလျှင် ကိုယ်လည်း ကျန်းမာမည်ပဲ။

အစကတော့ လင်းသာသည် သည်ရွာတွင် တစ်ညခိုနားရန် စီစဉ်ခဲ့သည်။ ပြီးမှ ဘာလင်ကို ခရီးဆက်မည်ပေါ့။ ဖြစ်ချင်တော့ စိမ့် ဖျားသဖြင့် ပရာ့ဂ်မှာ သူတို့ တစ်ည ပိုပြီး နေခဲ့ရသည်။ သို့နှင့် နားချိန် မရဘဲ စိမ့်ကို အဘိုးစံမြတ်တို့ဆီတွင် အပ်ကာ ခရီးနှင်ရတော့မည်။

ဒရက်စဒင်ဘူတာအထိ ဘတ်စ်ကား ပြန်စီးကာ ထိုမှတစ်ဆင့် ဘာလင်သို့ ငါးနာရီမျှ ကြာအောင် ကားပြန်စီးရဦးမည်။ ခရီးတော့ ပန်းလိမ့်မည်။ မနက်ကလည်း ပရာ့ဂ်ကနေ စောစောထလာခဲ့ကြသည်။ လင်းသာ၏ ခရီးဦးတည်ရာထက် စိမ့် ခိုနားမည့် ဒရက်စဒင်က ပရာ့ဂ်‌ ႇ ပိုနီး၍ ဂျာမနီကို ပရာ့ဂ်ဘက်က လှည့်ဝင်ခဲ့ကြခြင်း ဖြစ်သည်။

လင်းသာသည် စိမ့်အတွက် ကြီးကြီးမားမား လုပ်ပေးခဲ့ရတာမျိုး မရှိသော်လည်း ထိုသို့ တတ်အားသရွေ့ စိမ့်အကျိုး ထည့်သွင်းစဉ်းစားခဲ့ကြောင်း စိမ့်ကို သိစေချင်သည်။ စိမ့်သည် နှုတ်က ဖွင့်မပြောသော်လည်း အေးတိအေးစက် အမူအရာပြခြင်းဖြင့် သူ့ကို တွန်းကန်ကြောင်း လင်းသာ ရိပ်မိခဲ့သည်မှာ ကြာလေပြီ။

စိမ့်ဟာ နှစ်ဖက် မျှမတွေးသူဟု စိတ်မရှည်သည့် အခါမျိုးတွင် စွပ်စွဲလိုက်ချင်သော်လည်း သည်လိုသာဆိုလျှင် စိမ့်ကလည်း သူ့ကို တစ်ကိုယ်ကောင်းဆန်သူဟု တန်ပြန် ထိုးနှက်ပြန်ဦးတော့မည်။ လင်းသာ အနေဖြင့် လင်မယား အချစ် မဟုတ်လျှင်တောင် နှမငယ်တစ်ဦးပမာ စိမ့်ကို စောင့်ရှောက်ပေးလိုစိတ် ရှိသည်။ သည်သံယောဇဉ်ကြောင့်သာ သူတို့ အိမ်ထောင်သက်ကို ဆွဲဆန့်နိုင်ခြင်း ဖြစ်၏။

သူ့ခံစားချက်ကို ကိုယ်တိုင်လည်း စိမ့်ကို ဖွင့်ဟ ပြောပါသည်။

“နောက်နှစ်ပတ်နေရင် ပြန်တွေ့မယ်နော်၊ ဒီမှာ နားပြီး ဘာလင်ကျမှ လည်တာပေါ့၊ ရန်ကုန် ပြန်ရောက်တဲ့အခါကျရင် မင်း စိတ်ချမ်းသာတာကို မြင်ချင်ပါတယ်၊ မင်း စိတ်ထဲမှာ မကြည်လင်တာတွေ ရှိလည်း ငါ မင်းအပေါ်

mgyoe.com

စေတနာထားတယ် ဆိုတာကတော့ မောင်လို နှမလိုစိတ်ပဲ၊ ဒါ အမှန်ပဲ''

လင်းသာ စကားကြောင့် စိမ့်မျက်နှာသည် ပြုံးမယောင် မဲ့မယောင် ဖြစ်သွားသည်။

'မောင်လိုနှမလိုစိတ်' ဆို၍ ယောကျ်ားနှင့် မိန်းမ အတူယှဉ်တွဲ အိပ်သည့်အခါ အလယ်ကနေ စံပယ်ပန်းကုံးကို ထားအိပ်ပြီး မောင်နှမစိတ်က ဖောက်ပြန်ခဲ့လျှင် ပန်းကုံးညှိုးပါစေကြောင်း သစ္စာပြုကြသည့် ယုံတမ်းပုံပြင်ကို သတိရမိသည်။ အခုဟာက ဟုတ်မှ မဟုတ်ဘဲကိုး။

''မောင်နှမနဲ့ လင်မယားဆိုတာ ကွာကိုကွာပါတယ် အစ်ကိုကြီး''

သည်လို ခပ်ဆတ်ဆတ် တုံ့ပြန်မိတော့ လင်းသာက စိမ့်ကို အံ့ဩ စိတ်ပျက်စွာ ကြည့်သည်။

လင်နှင့်မယားအကြားတွင် အမြဲတမ်း ကိလေသာစိတ် ရှင်သန် နေသည်မဟုတ်၊ တစ်ခါတစ်ရံ သားအဖလို၊ မောင်နှမလို ရာဂကင်းသော သံယောဇဉ် သက်သက်လည်း ရှိတတ်ကြောင်း သည်မိန်းကလေး နားလည်အောင် သူ ဘယ်လို ပြောရပါ့မလဲ။ အခုတော့ စိမ့်သည် စကားလုံးမျှပင် အတိမ်းအစောင်း မခံနိုင်လောက်အောင် အကဲဆတ်နေသည်။ ခက်ချေသည်။

လင်းသာကိုယ်တိုင်က မဖြစ်လို့ အိမ်ထောင်ပြုရမည်ဆိုတော့လည်း ဇနီးကို မိခင်လို အောက်မေ့ချင်သည်။ သူ့ကို ထွေးပိုက်နားလည်စေချင်သည်။ ယောကျ်ားတစ်ယောက်မှာလည်း စိတ်ပိုင်းဆိုင်ရာလုံခြုံမှု လိုအပ်သည်။ ထို့အတွက် မိခင်နှင့်တူသော မယားကို အလိုရှိကြောင်း ရှင်းပြလျှင်တောင်မှ စိမ့်ဟာ 'ဒါဆို တဏှာတွေ၊ ရာဂတွေ၊ ကာမတွေ မပါသင့်ဘူး' ဟု ကတ်ကတ် သတ်သတ် ပြောဦးမည့် သူ ဖြစ်သည်။

'သားအမိစိတ်မှာ အဲဒီလို ဆန္ဒတွေ မရှိနိုင်ဘူးလေ' ဆိုသည်လိုမျိုး စိမ့်နှုတ်က ပြောထွက်လျှင် လင်းသာမှာ သူ့နား သူပင် မယုံနိုင်။ အနေအေးမလို မထုံတက်သေးပုံစံနှင့် စိမ့်သည် တစ်ခါတစ်ရံ အလွန် ဂျစ်ကန်ကန်နိုင်၏။

ကြာလေလေ သိသာလာသည်က သူတို့နှစ်ဦးသည် နောက်ကြောင်း ပြန်လှည့်ခွင့် မရှိသည့် ဖြစ်ထဲတွင် အတူတကွ စီးဆင်းနေကြသည်ဆိုသော်ငြား လာရာချင်း၊ လားရာချင်း ကွဲပြားလို့နေသည်။ အနည်ကျရာနေရာလည်း တူလိမ့်မည် မဟုတ်။ ဆက်သွယ်သော ဘာသာဗေဒနှင့် ရင်ခုန်သံချင်းပင် ဆန့်ကျင်ဘက် နှင်နှင် ဖြစ်လို့ နေသည်။

mgyoe.com

mgyoe.com


လင်းသာသည် စကားတစ်ခွန်းမျှ ထပ်မဆိုဖြစ်တော့။ စိမ့်ကလည်း မတုန်မလှုပ်။ သူတို့နှစ်ဦး၏ သဘာဝကိုက ကြာကြာစကားပြောလို့ မရ။ စကားတစ်ခွန်းပြောတိုင်း အဓိပ္ပာယ်ဆပွားမှုက များနေလျှင် နှုတ်ဆိတ်နေသည်က ပိုကောင်းသည်။ သို့သော် အေးလွန်းတော့ သိပ်သည်းဆသည် ပို၍ ခဲကျစ်လာသည်။

ကားမှတ်တိုင်တွင် အတော်ကြာအောင်အထိ သူတို့ နှစ်ဦးလုံး အသံတိတ်နေခဲ့ကြသည်။ ဘတ်စ်ကားလာတော့ လင်းသာက ဒရက်စဒင် ဘူတာကို ပြန်သွားခဲ့ပြီး စိမ့်က အိမ်ကို ပြန်လာခဲ့သည်။ ကိန္နရီမောင်နှံလို ခွဲခွာခြင်းအတွက် တသသ ဖြစ်ရတာမျိုး သူတို့မှာ မရှိပေ။

စိမ့်အနေနှင့်မူ ဖြစ်နိုင်မည်ဆိုလျှင် အပြီးတိုင် ခွဲခွာခြင်းမျိုး ဖြစ်လိုသည်။ တစ်ဖက်ကလည်း သူ သတ္တိမရှိပြန်သေး။ အိမ်ထောင်သက် ခြောက်နှစ်အတွင်း လင်းသာနှင့် ကြာကြာခွဲဖူးတာ သည်တစ်ကြိမ်က ပထမဆုံးဖြစ်သည်။ ပြီးတော့ စိမ့်တို့ ခရီးလည်း အတူတူ မထွက်ဖူးကြ၊ စိမ့်အတွက် မိုးလင်းမိုးချုပ် ကျက်စားရာနေရာမှာ ခိုလှောင်အိမ်နှင့်တူသော ရန်ကုန်တိုက်ခန်းကျဉ်းလေး ထဲတွင်သာ ဖြစ်သည်။

သည်ရွာတွင်တော့ စိမ့်မှာ များများစားစား လုပ်စရာ မရှိ။ အဘွားဟယ်လင်နှင့်လည်း စကားမပေါက်၊ အဘိုးကလည်း သူ့ဟာသူ အေးအေးဆေးဆေး နေသူ ဖြစ်သည်။ အသက် ရှစ်ဆယ်ကျော် အဘိုး၊ အဘွားစုံတွဲ၏ ဆည်းဆာချိန် ဘဝဖြတ်သန်းမှုသည် တည်တည်ငြိမ်ငြိမ်ရှိသည်။ စုဆောင်းထားသည့် ငွေကြေးရယ်၊ ပင်စင်လစာနှင့် ကျန်းမာရေးစရိတ်ရယ်တို့နှင့် ဘဝခရီးကို အေးအေးလူလူ ရွေ့နေကြပုံပေါက်သည်။

စိမ့်ကလည်း စာဖတ်မည်၊ လမ်းလျှောက်မည်၊ ပျင်းလျှင် အနီးအနားရှိ ရွက်ကြွေတောနှင့် ယာတောများဆီသို့ ခြေဆန့်မည်ဟု စဉ်းစားသည်။ ရှင်သန်နေထိုင်ရသည့် ကာလတိုလေးတွင် ကိုယ်ပျော်တာ ကိုယ်လုပ်သင့်သည် ဆိုသည့် သဘောမျိုးဆန်ဆန် ယမုန် ပြောလိုက်သည့် စကားကို စွဲစွဲမြဲမြဲ မှတ်မိနေသည်။ ဘဝမှာ တစ်ကြိမ် တစ်ခါတော့ သာယာဖူးချင်သည်၊ နစ်မွန်းဖူးချင်သည်၊ ရူးမိုက်ဖူးချင်သည်၊ နှလုံးသား တဆတ်ဆတ်တုန်လောက်အောင် လှိုက်လှဲသည့် ရသမျိုး ရဖူးချင်သည်။

mgyoe.com

mgyoe.com

သို့သော် စိမ့်ကို နောက်ယောင်ခံလိုက်နေသူများ ရှိသည်၊ အုပ်မိုးထားသူများရှိသည်။ ထိုအရာများသည် မမြင်ရသည့်၊ ထိတွေ့မရသည့် အရာများဖြစ်သည်။ လူပုဂ္ဂိုလ်များလည်း ပါဝင်သည်။ စကားသံများလည်း ပါဝင်သည်။

ထိုညက အဖျားတက်ပြန်တော့ ကယောင်ကတမ်းနှင့် အမေ့ကို တမိပြန်သည်။ ထူးဆန်းတာက အမေ့ကို တမ်းတလိုက်တိုင်း အမေ မရှိတော့မှန်း၊ သေသွားပြီဖြစ်မှန်း သိသည့် စိတ်က အမြဲ ဒွန်တွဲပါလာသည်။

'အမေရယ်၊ တစ်ခါလောက် ဖြစ်ဖြစ် ပြန်တွေ့ချင်လိုက်တာ၊ လျှပ်တစ်ပြက်စာလောက်ပဲ ဖြစ်ဖြစ် အမေ ကိုယ်ထင်ပြပါလား'

စိတ်ထဲကနေ 'အမေ'ဟု ရေရွတ်လိုက်မိရုံမျှနှင့်ပင် မျက်ရည်လည်ချင်သည်။

နမ့်အီးဖူးချောင်းနားတွင် ခရသွားကောက်ရင်း မိုးမှောင်ကျလာတော့ စိမ့် ပျောက်သွားလို့ဆိုပြီး အမေ တောနင်းရှာခဲ့သည်။

'ကျီးညို သမီးရေ၊ အမေ့သမီးလေး' ဆိုသော ငိုသံစွက်သည့် အမေ့အသံတုန်တုန်လေးသည် တောတောင်ကမ်းပါးယံအထပ်ထပ်ကို ပဲ့တင်သံရိုက်ခတ်သည်။ ယခု အခါမှာတော့ အမေ၏ 'ကျီးညို' ခေါ်သံကို အိပ်မက်ထဲမှာသာ ကြားခွင့် ရှိတော့သည်။ အိပ်မက်မှန်းသိတော့ စိမ့် ပြန်လည်မနိုးချင်တော့။

'အမေသာ ရှိရင်လေ ကျွန်မ အရာရာကို ရင်ဆိုင်ဝံ့မှာ သိလား'

ကြမ်းရှသော အမေ့လက်ကလေးကို ကိုင်၍ ထိုသို့ ချွဲနွဲ့လိုက်ချင်သည်။ အရိုးပေါ် အရေတင်ကာ ပြားကပ်နေသော အမေ့ရင်အုံလေးပေါ်ကို ခေါင်းအပ်ကာ ငိုချလိုက်ချင်သည်။

အမေ့ရင်ခွင်နှင့် ဝေးတိုင်း ခေါင်းအုံးပေါ်သို့သာ မျက်ရည် သွန်ချရသည်။ အဖျားကြောင့် ခေါင်းကိုက်ရသည့်အထဲ ငိုရလွန်းသဖြင့် မျက်ရိုးပါကိုက်သည်။ စိမ့်ကမ္ဘာသည် ချာချာလည်နေ၏။ သို့နှင့် အဖျားဆက်ပြန်သည်။ အဘိုးစံမြတ်နှင့် အဘွားဟယ်လင်တို့ ဧည့်သည်အတွက် အလုပ်များရပြန်လေသည်။

အမှောင်ပြီးတော့ အလင်းဆိုက်သည်။ သန်းခေါင်ယွန်းတော့ အရုဏ်တက်သည်။ နှစ်ရက်မြောက် ဖျားပြီးနောက် စိမ့် ပြန်လည် နာလန်ထလာသည်။ ထိုအခါ မမျှော်လင့်သော လူတစ်ယောက်နှင့် တွေ့ဆုံဖြစ်ခဲ့သည်။

mgyoe.com

ထိုသူသည် မျက်ခုံးထူထူ၊ မျက်ဆန်ညိုလေးနှင့် ဖြစ်သည်။

အိပ်ရေးမဝတဝနှင့် နိုးလာသော စိမ့်သည် အခန်းတံခါးကို ဖွင့်လိုက်သောအခါ အိမ်အပြင်ဘက်က ထိုင်ခုံပေါ်တွင် သူ့ကို တွေ့ရသည်။

ရုတ်တရက်မို့ သူကလည်း လန့်သွားဟန်တူသည်။

''မင်း… ဘယ်သူလဲ'' တဲ့။

သည်မျက်နှာကို စိတ်က ရင်းနှီးနေသည့်တိုင်အောင် မည်သူ မည်ဝါဆိုသည်ကို ချက်ချင်း အစမဖော်နိုင်သေး။

သြော်… သိပြီ။ ဂျိမ်း… ဂျိမ်းလေ။ မှတ်မိသွားပြန်တော့လည်း စိမ့်မှာ မလုံမလဲစိတ်ကြောင့် အလိုလိုနေရင်း ရှက်သွေးဖိုရသည်။

သည်လူဟာ သူ တွေ့ချင်နေတဲ့သူ၊ သူ ရင်ခုန်မိတဲ့သူ၊ မြင်စမှာပင် သူ နှစ်လိုခဲ့သူ။

''မင်း… ဘယ်သူလဲ''

ဒုတိယအကြိမ် မေးခွန်းဆင့်လာပြန်သည်။

ဘယ်သူလို့ ဖြေရမလဲ၊ ဖြေသင့်သလဲ။ ဦးနှောက်ကို အလုပ်ပေးပြီး အပြေးအလွှား စဉ်းစားလိုက်ရသည်။

''ကျွန်မ ကြီးညိုပါ''

''ကြီးညို''

''ဟုတ်ကဲ့''

ဂျိမ်းက 'ကြီးညို'ဟု တဖွဖွရွတ်ရင်း ပြုံးသည်။

'သူ့အပြုံးလေး လင်းလိုက်တာ'ဟု စိမ့် တွေးသည်။ သည်အချိန်မှာ 'ပန်းချီဆရာ၏ ဇနီး' ဆိုသည့် ဝတ်ရုံကို ချွတ်ချပစ်ထားသင့်သည် မဟုတ်လား။

✿

mgyoe.com

mgyoe.com SAMPLE BOOK

(၆)

ဆွဲလက်စပုံကို 'ဘာပုံလဲ' ဟု လွှန်ခဲ့သည့် တစ်နာရီခန့်က သူ မေးသေးသည်။ သူ့အမေးကို ပြန်မဖြေဘဲ ဖြူလွလွ အေသရီးစာရွက်ပေါ်တွင် ဆက်ပြီး ခဲတံနက်ကို ဖိဆွဲသည်။

ခဏကြာတော့ သူ ထပ်ပြောပြန်သည်။

"မင်းရဲ့ အကြောင်း ပြောပြမယ်ဆိုလို့ စောင့်နေတာလေ"

သူသည် မနေ့က စိမ့်ပြောခဲ့သည်များကို သတိတရ ရှိနေသည်။ အခု စိမ့်က သူ့ကို ဘာမျှ ပြန်မဖြေတော့ စိတ်မရှည် ဖြစ်လာပုံ ရသည်။

"ခဏလောက် ငြိမ်ငြိမ်လေး ထိုင်ပြီး ကြည့်နေပါလား ဂျိမ်းရယ်၊ ပြီးတော့ ကျွန်မ ဘာပုံဆွဲနေလဲဆိုတာ ရှင် ခန့်မှန်းပေါ့"

ဂျိမ်းသည် ပခုံးနှစ်ဖက်ကို ဟန်ပါပါ တွန့်သည်။ နဖူးကြောကို ရှုံ့ထားသဖြင့် သူ၏ မဟူရာအသွေးမျက်ခုံးများ လှိုင်းထနေသည်။

မနေ့က တွေ့ခါစတုန်းကလိုတော့ စိမ့် သူ့ကို မရိုန်တော့ပေ။ ရွံ့သော စိတ်လည်း မရှိတော့ပေ။ 'ကျီးညို' ဆိုသော အမည်ကို ဂျိမ်းက သဘော တွေ့နေလေသည်။

'နာမည်နဲ့ လိုက်အောင် မင်းက ညိုချောပဲ' ဟု ဆိုလေတော့ စိမ့် မျက်နှာ မထားတတ်လောက်အောင် ရှက်သွေးဖြာရသည်။

mgyoe.com

စိမ့်ကို ချောသည်ဟု မည်သူကမျှ မပြောဖူးခဲ့၊ စိမ့်ကိုယ်တိုင်လည်း အလှ ဆိုသည်မှာ သူနှင့် သက်ဆိုင်သောအရာဟု မထင်မှတ်ခဲ့၊ သူသည် အရောင်မွဲသော၊ လူရာမဝင်သော၊ သိမ်နုပ်ညှဲ့ဖျင်းသော၊ ကြုံလှီသော မိန်းကလေးတစ်ယောက် ဖြစ်သည်ဟုသာ သူ့ပုံရိပ်ကို စွဲမှတ်ယူထားသည်။ မည်သူကကော ကိုယ့်ကို ရုပ်ဆိုးသည်ဟု အဆိုခံရခြင်းကို အသာတကြည် လက်ခံနိုင်ပါ့မလဲ။

သို့သော် စိမ့်ကတော့ ဝေဖန်ကဲ့ရဲ့သံများကို မတွန်းလှန်လိုတော့၊ 'ရုပါက ချူချာသည်' ဆိုခြင်းမှာ သူ ငယ်စဉ်ကတည်းက ဖွတ်မိုတ်လက်ခံခဲ့ရသော တရား ဖြစ်သည်။ အထူးသဖြင့် နတ်သွင်တမျှ လှပကြော့ရှင်းသော နဒီနှင့် နှိုင်းယှဉ်ခံရလျှင် စိမ့်၏ သိမ်ငယ်စိတ် ကြီးထွားရသည်။ သူ့ရုပ်ရည်နှင့် ပတ်သက်သော ထိုးနှက်ချက်များသည် အပျိုဖော်ဝင်ချိန်တွင် ပိုမို ပြင်းထန်ခဲ့သည်။ သူ့ရုပ်ရည်အပေါ် လှောင်ပြောင်သံများသည် တစ်သက်လုံး သူ့ကို ခြောက်လှန့်ခဲ့သည်။ မှန်ကြည့်တိုင်း ကြားယောင်ပြီး နာကျင်ရသည်။

သို့နှင့် ဂျိမ်းက 'ညိုချော' ဟု ဆိုလာသောအခါ စိမ့် ရင်ခုန်ရသည်ပေါ့။ ထူးထူး သည်ပင်လျှင် သည်လို နှစ်လိုဖွယ် စကားမျိုး မဆိုခဲ့ပေ။ သူတစ်ပါးအပေါ် မနှိမ်ချတတ်သော စိတ်ဓာတ်ကြောင့် ဂျိမ်းကို ကျေးဇူးတင်မိသည်။

'အိမ်မှာ ညှော်သည်ရောက်နေတယ်လို့တော့ ကြားသားပဲ၊ မင်း…ကိုး၊ လွတ်လွတ်လပ်လပ်နေပါ၊ လိုတာရှိလည်း ပြောပေါ့' တဲ့။ ဂျိမ်းဟာ အင်မတန် ဖော်ရွေတဲ့ လူသားပါပဲ။

မနေ့က စိမ့်တို့ စတွေ့စတွင် စိမ့်အကြောင်း သူ စပ်စုသေးသည်။ လူကြောက်တတ်သော စိမ့်မှာ ဂျိမ်းကို စကားဟဟ မပြောရဲ။ သူက တို့တိ တို့တိ မေးမြန်းသည်။ စိမ့်ကလည်း မရဲတရဲ ဖြေရင်း မသိမသာ အကဲခတ်ရသည်။ ငြိမ်သက်အေးမြသော ဝန်းကျင်တွင် သူတို့နှစ်ဦးသားသည် နွေးထွေးသော ခင်မင်မှုကို စတင်ခဲ့သည်။ ဂျိမ်းက ဖော်ရွေမှုနှင့် ရှေ့ကို ခြေတစ်လှမ်း စလှမ်းလိုက်ခြင်းဖြစ်ပြီး စိမ့်ကတော့ အပြုံးနှင့် ဆီးကြိုရုံသာ တတ်နိုင်သေးသည်။

အချိန်တိုအတွင်းမှာပင် ဂျိမ်း၏ နှစ်လိုဖွယ် စိတ်ရင်းကို အသိအမှတ်ပြုမိသည်။ ကြာကြာ စကားပြောချင်သော်လည်း အခွင့်မရခဲ့။ စကားပြောလို့ပင်

mgyoe.com

mgyoe.com  SAMPLE BOOK 

မဝသေးသည့် အခိုက်အတန့်မှာပင် ဂျိမ်းက အဘွားဟယ်လင်အနားကို ပြန်သွားရဦးမည်ဟုဆိုကာ ထွက်သွားခဲ့သည်။

ဟုတ်ပါရဲ့၊ စိမ့်နှင့် ဂျိမ်းတို့ ယခုလို အတူ စကားလက်ဆုံ ကျနေလျှင်ရော အဘွားဟယ်လင်က သဘောကျပါ့မလားဟု တွေးတော စိုးရိမ် ရပြန်သည်။ အဘွားဟယ်လင်သည် ဘွားဘွားလိုပင် စိမ့်ကို ငြိမ်ဝပ်သူ အဖြစ်ပဲ မြင်ချင်နေမလား မသိ၊ စိမ့် လှုပ်ရှားမှုမှန်သမျှကို မျက်နှာသေနှင့် မျက်စိ ဒေါက်ထောက်ကြည့်သည်။ သူ့ရှေ့တွင် အမှားအယွင်းမရှိစေရန် ကိုယ့်ကိုယ်ကိုယ် ထိန်းမတ်ရသည်။

ဂျိမ်းဟာ သူတို့ မွေးစားမြေး မဟုတ်လား။ စိမ့်လို တောသူမနှင့် အရောတဝင်ရှိသည်ကို နှစ်လိုချင်မှ နှစ်လိုမည်။ အဘွားဟယ်လင် ရှိသည့် အချိန်များတွင် စိမ့်ကို လာမတွေ့ရန် ဂျိမ်းကိုလည်း မှာထားရဦးမည်။ တွေ့တော့ တွေ့ချင်သည်ပေါ့။ စိမ့်မှာက သူ့တစ်ယောက်သာ စကားပြောဖော်ရှိသည်ကိုး။

ဂျိမ်းသည် ဓာတ်ပုံထဲကထက် ပို၍ ခံ့ညားသော လူချောတစ်ဦး ဖြစ်သည်။ သူ့အကြည့်များက ရီဝေနေတတ်၏။ ရီမြမြလေး ပြုံးသည် ဟူသော ဝေါဟာရကို ဂျိမ်းနှင့်ကျမှ သဘောပေါက်ရတော့သည်။ မျက်လုံးကို မှေးစင်းကာ ဖွေးလက်သော သွားများပေါ်အောင် အေးအေးသက်သာ ရယ်ဟဟ လုပ်သော ပုံစံမျိုးဟု အနီးစပ်ဆုံးတူအောင်သာ သရုပ်ဖော်ရလိမ့်မည်။ ပါးရိုးတစ်လျှောက်ရှိ အမွေးအမှင်များကို ရိတ်ပယ်ထားသည့်နေရာတွင် သူ့အသားအရေသည် စိမ်းဖန့်ဖန့် ဖြစ်နေသည်။ စိမ်းမြသော မေးကြောများကို အားပြု၍ ပွင့်ထွက် လာသော ထိုအပြုံးကြောင့် ညှတ်နူးရသည်။ အခိကက ထူးထူးနှင့် တူသော မျက်ဝန်းများကြောင့်ရယ်ပါ။ တစ်ဖက်ကလည်း သူနှင့် မနီးစပ်လိုပြန်။

ဂျိမ်းကို စကားမပြန်ဘဲ ပုံဆွဲရာတွင်သာ စိတ်ကို နှစ်သည်။ သို့သော် စိမ့်က ပန်းချီအကျော်အမော်တစ်ဦး မဟုတ်။ ပန်းချီကိုတော့ ဝါသနာပါ ပါ၏။ ကျီးညိုဘဝကနေ စိမ့်ဘဝကို ရောက်လာပြီးနောက် ပန်းချီသည် ဘဝ၏ နောက်ထပ် အချိုးအကွေ့တစ်ခုကို ဆောင်ကြဉ်းခဲ့ပြန်သည်။

လင်းသာကတော့ တစ်ခွန်း မှတ်ချက်ချခဲ့ဖူးသည်။

'စိမ့်က ပန်းချီဆရာ ဘယ်တော့မှ ဖြစ်မှာ မဟုတ်ဘူး၊ ဖြစ်ချင်းဖြစ် ပုံဆွဲဆရာပဲ ဖြစ်မှာ'

ပန်းချီဆရာနှင့် ပုံဆွဲဆရာ မည်သို့ကွာခြားမှန်း အစက နားမလည်ခဲ့ပါ။ဧ

mgyoe.com

m g y o e . c o m SAMPLE BOOK

စိမ့်အတွက်တော့ အတူတူချည်းသာ။ နောက်မှ အနုပညာခံစားချက် ပါခြင်း၊ မပါခြင်းကို ရည်ညွှန်း၍ ပန်းချီဆွဲခြင်းနှင့် ပုံဆွဲခြင်းကို ခွဲခြားပြောကြောင်း သိရသည်။

တကယ်က အနုပညာသဘော ပါသည် ဖြစ်စေ၊ မပါသည် ဖြစ်စေ စိမ့်အတွက် အလွန်အမင်း အရေးမကြီးလှပါ။ ပုံဆွဲသည် ဆိုတာက စိတ်၏ ထွက်ပေါက်တစ်ခုအတွက်သာ၊ ကစဉ့်ကလျားဖြစ်နေသော အဖြစ်အပျက်များ၊ စိတ်အလျဉ်များကို အရာဝတ္ထုတစ်ခုခုနှင့် ကိုယ်စားပြု ရေးဆွဲပြလိုခြင်းသာ။ ဆွဲချင်သလောက် ဆွဲမည်။ ရပ်ချင်သည့် နေရာ ရပ်မည်။ စိတ်ကယောက်ကယက် မဖြစ်လျှင် ပြီးရောလေ။ သို့သော် စိမ့်က အရောင်တွေနှင့် ပတ်သက်ပြီး စူးနင့်သော ခံစားချက် ရှိသလောက် စိတ်ကို လွှတ်ပေးနိုင်လောက်သည်အထိ မပွင့်လင်းပါ။

သည်မိန်းကလေးသည် မျိုသူ၊ မြုံသူ ဖြစ်သည်။ ငုံသူ၊ ငုံ့သူ ဖြစ်သည်။ ထို့အတူ ငေးငိုင်သူ၊ ငိုက်စိုက်သူ ဖြစ်သည်။

စိမ့် လုပ်နိုင်သည်က စာရွက်အလွတ်ပေါ်တွင် ခဲနှင့်သာ ပုံများကို ရေးခြစ်ခြင်း ဖြစ်သည်။ စိတ်ဆာလာလျှင် အနားတွင် ရှိသော ဗလာစာရွက် အပိုင်းအစကို ယူ၍ ကောက်ခြစ်လိုက်သည်။ ဒါက အမေ့မျက်လုံး၊ ဒါက အမေ့အပြုံး၊ ဒါက အမေ့ဆံထုံး၊ ဒါက အမေ့ညာလက်၊ ဒါက အမေ့ပေါင်တံ စသဖြင့် ခဲခြစ် ဆွဲသည်။ တစ်ကိုယ်လုံး ရုပ်လုံးပေါ်သွားအောင် ဆွဲတာမျိုး မဟုတ်၊ ဟဒဂ် စိတ်လေဟာနယ်တွင် သတိတရ ချင်ခြင်းတပ်မိသော အမေ့ ခန္ဓာကိုယ် အစိတ်အပိုင်း တစ်ခုချင်းစီကိုသာ ရေးဆွဲဖြစ်သည်။

သည်တစ်ခါတော့ သက်မဲ့ပစ္စည်းတစ်ခုပုံကို ဆွဲဖြစ်သည်။ သာမန်ဆို သည်ပုံလေးကိုဆွဲဖို့ရာ အချိန်ကြာစရာအကြောင်း မရှိ။ အခုတော့ အချိန်လင့်ချင် လင့်ပါစေ အနုစိတ်ဖြစ်သည်။ ထိုသက်မဲ့ပစ္စည်းလေးသည် စိမ့်ဘဝတစ်ခုလုံး ကို ကိုယ်စားပြုသည်ကိုး။

တဖြည်းဖြည်း ရုပ်လုံးပေါ်လာတော့ ဂျိမ်း ရှိရာဘက်သို့ တစ်ချက် လှည့်ကြည့်ကာ ပုံလေးကို မေးဆတ်ပြလိုက်သည်။ 'ကြည့်ပါဦး' ဆိုသည့် သဘော။

"ဟင်…စကြာလေးပဲ၊ ဘာပါလိမ့်လို့"

ဂျိမ်းက စိတ်ပျက်သွားသလိုလို ပြောသည်။ ပြီးတော့ ရယ်ဟဟနှင့် လှောင်ပြောင်လိုဟန် ပါနေသည်။

m g y o e . c o m

mgyoe.com

SAMPLE BOOK


နေပါစေလေ၊ ဒီစကြာလေးရဲ့ လေးနက်မှုကို သူမှ မသိတာ။ မသိလို့ ပြောခြင်းကို ခွင့်လွှတ်ပါသည်။

အဆုံးသတ်အနေဖြင့် စကြာ အတွင်းပိုင်းအလွှာ၏ ဘေးအနားများကို ခဲဖြင့် လိုက်သည်။ အနိမ့်၊ အမြင့်၊ အနီး၊ အဝေး ကွာခြားချက်ပေါ်စေရန်နှင့် ရုပ်လုံးကြွစေရန် အချို့နေရာများတွင် ခဲသားများ ဖြည့်ပေးရသည်။ ထို့နောက် စကြာလေးကို တစိမ့်စိမ့် ကြည့်ဖြစ်သည်။ အကြည့်သည် မျက်ရည်ငွေ့ရိုက်သဖြင့် ကြည့်နေဆဲမှာပင် ဝါးသွားလေသည်။

'တကယ်က စကြာလေး မဟုတ်ပါဘူး ဂျိမ်းရယ်၊ ဒါလေးက ကျီးညို အမေလို့လည်း ပြောလို့ ရပါတယ်၊ ပြီးတော့ ကျီးညိုပေါ့'

ငြိမ်ကျသွားသော စိမ့်ကို ကြည့်၍ ဂျိမ်းခမျာ အစောက သူပြောခဲ့သည့် စကားအတွက် အားတုံ့အားနာဖြစ်သွားသည်။ စကြာပုံလေးကို ယူကြည့်သည်။

အပြင်တွင် လေပြင်းပြင်းထန်ထန်တိုက်နေပုံရသည်။ လေတိုးသဖြင့် ပြတင်းတံခါးတို့ တဂျိမ်းဂျိမ်းမြည်နေ၏။ တစ်ခါတစ်ရံတော့ လေကြောင်းသည် တရှိုရှိုနှင့် ဘေးနားကပင် ဖြတ်သွားသလိုလို စိတ်ထင်မိသည်။ တဖြည်းဖြည်းနှင့် လေသံတို့ ကျယ်လောင်လာသည်။ ပတ်ဝန်းကျင်က စကားသံတို့ကို မကြားရတော့။ လေသံပဲ ကြားရသည်။

ဂျိမ်းက စိမ့်ကို တစ်ခုခု ပြောသည်။ စိမ့် မကြားရ။ သို့နှင့် စိမ့်က သူ ပြောချင်တာ ပြောသည်။

"ကျွန်မအကြောင်းကို ရှင် မေးတယ်လား၊ ဒီမယ်လေ… ဒါဟာ ကျီးညိုပဲ"

ကျီးညိုပဲ ဟူ၍ စကြာပုံလေးကို လက်ညှိုးညွှန်ပြသည်။ ဂျိမ်းသည် နားဝေတိမ်တောင် ဖြစ်နေသည်။ စိတ်ကျေနပ်အောင်သာ "ဟုတ်လား" တစ်ခွန်းတော့ မရေမရာ မေးဖော်ရသည်။

ဟုတ်ပါတယ် ဂျိမ်းရယ်၊ စကြာလေးဟာ အမေ့ ဝိညာဉ်ပူးကပ်နေတဲ့ ကျီးညိုလေးပါ။

ရုပ်ပုံကားချပ်၏ အောက်နားတွင် 'ကျီးညို' ဟူ၍ အနက်ရောင် စာလုံးသေးသေးလေးကို ထင်ရှားအောင် ရေးလိုက်သည်။

✿

mgyoe.com

mgyoe.com SAMPLE BOOK

## (၇)

"ကျွန်မတို့ဆီက အမြဲစိမ်းတောက ဒီကနဲ့ မတူဘူး၊ ဒီမှာက နှင်းတဖြောက်ဖြောက်နဲ့ဆိုတော့ အခုလို ဆောင်းဝင်စအချိန်မှာ အရွက်တွေဟာ အနားတွေ ရော်လိုက်လာတာတောင် စိုဖပ်ဖပ်ပဲနော်"

အိမ်အပြင်တွင် လေငြိမ်သွားသောအခါ စိမ့်တို့ လမ်းလျှောက်ထွက်ကြသည်။ တောင်ပေါ်သို့တက်သည့် အိမ်ရှေ့လမ်းသွယ်လေးအတိုင်း လမ်းလျှောက်လာရင်းက သစ်ပင်တွေကို လက်ညှိုးတထိုးထိုးပြကာ စိမ့်က ဂျိမ်းကို ပြောသည်။ အစောက ဆွဲထားသည့် စက္ကူပုံလေးကို လက်တစ်ဖက်နှင့် ကိုင်ထားသည်။

နှစ်ဦးသား လမ်းလျှောက်ထွက်ကြသည် ဆိုသော်ငြား စိမ့်သည် ဂျိမ်းနှင့် လက်တစ်ဆန့်အကွာမှာသာ ခပ်ခွာခွာနေဖြစ်သည်။ အိမ်ကအထွက် အဘွားဟယ်လင် မျက်လုံးဝင့်ကြည့်လိုက်ပုံက စိမ့်ကို မသင်္ကာပုံ၊ စိမ့်ထံကနေ တစ်စုံတစ်ရာကို ဖွေရှာနေပုံပေါက်သည်။ ဘာကိုမှ မရိပ်မိသည့် ဂျိမ်းက သူ့အဘွားကို လှမ်းပြီး လက်ပြသည်။ အဘွားက ဂျိမ်းလက်ပြသည်ကို မြင်၊ မမြင် မသိပါ။ အိမ်အတွင်းနှင့်အပြင် မြေကွက်လပ်ခြားနေသည့်တိုင် အဘွားဟယ်လင်၏ အကြည့်က စိမ့်ထံသို့သာ တည့်တည့်မတ်မတ် စိုက်ဝင်သည်။

စိမ့်သည် ထိုအကြည့်ကို ရင်မဆိုင်ရဲလှ၍ ကျောခိုင်းလိုက်သည်။

mgyoe.com